မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၆ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့(ဟောင်သရောအထူးဒေသ)၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်တစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိရှိနားလည်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များ လုပ်ဆောင်လျက်ရှိရာ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့(ဟောင်သရောအထူးဒေသ)၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ယင်းအခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့(ဟောင်သရောအထူးဒေသ)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တိုင်းရင်းသားမိသားစုများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ၊ အကအဖွဲ့များ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၆ရက်)

အခြေခံကောင်းများကို အမွေခံကောင်းများအဖြစ်ခံယူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ရေး ကြိုးပမ်းစွမ်းဆောင်

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်းသို့ဆက်သွယ်ဖောက်လုပ်လျက်ရှိသော မိုင် ၁၂၀ရှိ ပြည်-တောင်ငူ မီးရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပြည် (ရွှေတံခါး)- ပေါက်ခေါင်းရထားလမ်းအပိုင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၂ရက်နေ့က ပြည်မြို့နယ် ရွှေတံခါးဘူတာ၌ ကျင်းပခဲ့သည်။

လမ်းပန်းဆက်သွယ်မှုသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ များစွာအထောက်အကူပြုလျက်ရှိသည်။ တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ထိတွေ့ဆက်ဆံနိုင်ပြီး ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ အထောက်အကူပြုစေခဲ့သည်။

ပဲခူးတိုင်းဒေသကြီးသည် တစ်ချိန်က တောတောင်လျှိုမြောင်များထူထပ်ပြီး အလယ်ရိုးမတောင်တန်းကြီး ကာဆီးနေ၍ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည် တစ်သီးတခြား ဖြစ်ခဲ့ရသည်။ ယခုအခါ အရှေ့နှင့်အနောက်ရိုးမဖြတ်လမ်းသုံးလမ်းအပြင် ယခုမီးရထားလမ်းကိုပါ ထပ်ဆင့်ဖောက်လုပ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်း ကူးလူးဆက်သွယ် သွားလာရန် ပိုမိုလွယ်ကူလျက်ရှိပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ယခုကဲ့သို့ အခြေခံကောင်းများကို ဖော်ဆောင်ပေးလျက်ရှိသည်မှာ ယနေ့ နိုင်ငံသူ နိုင်ငံသားများအတွက်သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်ပါ အမွေခံကောင်းများအဖြစ် ဆက်လက်ရယူခံစားနိုင်ရန်ဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ အခြေခံကောင်းများကို အနာဂတ်အတွက် အမွေခံကောင်းများဟုခံယူပြီး တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းကာ သဘာဝသယံဇာတပေါများကြွယ်ဝသည့်နိုင်ငံတော်ကြီးကို အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်သာမက သာလွန်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၇-၈-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော် (ဝဋ္ဋသုတ်+ဂုဏ်တော်ကွန်ချာ)
၇:၃၀ ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (မုဒိတာခပ်ပျစ်ပျစ်သောက်သူများ)
၈:၃၅ တေးပဒေသာ
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂:၃၀ အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ Music Talk တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ရင်ခုန်စီးဆင်း အနုပညာသတင်း (၅)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈:၂၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ **အိုဘယ့်ဇရာ**
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်) စီးပွားရေးဦးတည်ချက်
၂၀:၄၀ တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (ကလေးချော့နည်း)
၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

လုပ်ငန်းခွင်ဝင် အခြေခံသင်တန်းဆင်းပွဲ

ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

ရန်ကုန် ဩဂုတ် ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၃ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပသော လျှပ်စစ်ကျွမ်းကျင် အဆင့်(၄)နှင့် လျှပ်စစ်ကျွမ်းကျင်အဆင့်(၅)တို့၏ လုပ်ငန်းခွင်ဝင် အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် (က) ဦးကျော်ကျော်က သင်တန်းသား ခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက သင်တန်းထူးချွန်ဆုများ ချီးမြှင့်ရာ ပထမဆုရ ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ လျှပ်စစ်ကျွမ်းကျင်(၄) ဒေါ်ငြိမ်းပြည့်စုံ၊ ဒုတိယဆုရ စမ်းသပ်ရေးနှင့် အထွေထွေ ထောက်ကူဌာနမှ လျှပ်စစ်ကျွမ်းကျင်(၅) ဒေါ်နီလာထိုက်နှင့် တတိယဆုရ စီမံရေးဌာနမှ လျှပ်စစ်ကျွမ်းကျင်(၄) ဒေါ်တင်မိုးဝေတို့အား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက သုဝဏ္ဏ၌ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက သုဝဏ္ဏ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ကြသော ဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၈နာရီခွဲက ယုဇနခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင်၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော မောင်ကျော်ထင်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ(**အပေါ်ပုံ**)က ဆုချီးမြှင့်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၃၀၊ သုံးဘာသာ ဂုဏ်ထူးရှင်၂၁ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၀နှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၆၄ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရပ်ကွက်အလိုက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် ဩဂုတ် ၂၂ရက်က အိမ်ခြေ ၂၀၀၊ အိမ်ထောင်စု ၄၆၀ရှိသော သာယာကုန်း ရပ်ကွက်တွင် ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးကို စုပေါင်း ဆောင်ရွက်ကြသည်။

စုပေါင်းဆောင်ရွက်

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်အေးရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်နှင့် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးနေဝင်းနှင့် ရပ်ကွက်နေပြည်သူများက ရေမြောင်းများ ဆယ်ယူခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်း၊ ရေစည်ရေအိုးများတွင် ပိုးလောက်လမ်းသေ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်များ ဆေးစိမ်ခြင်း (**အောက်ပုံ**)ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(၁၂၃)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကညွတ်ကွင်းဈေး၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ခြင်းတို့ကို ဇူလိုင် ၁ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒွိချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကို လွှင့်တင်ပြီး တပ်မတော်သား တစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

တပ်ဆင်ပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်သန်းစိုးနှင့် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးက လက်ခံသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ၊ အကအဖွဲ့များ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းမှူးက တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် တပ်ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းသည့် အခမ်းအနားကို စစ်ရေးပြကွင်းအနီးရှိ စုပေါင်းခန်းမ၌ ကျင်းပခဲ့ပြီး နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ကြိုဆိုအားပေး

ယခုကဲ့သို့ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသတွင် နယ်ခြားစောင့်တပ် ဖွင့်လှစ်နိုင်ခြင်းကြောင့် တာဝန်ထမ်းဆောင်ခွင့်ရရှိတော့မည့် တပ်ဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ဒေသတွင် လုံခြုံမှုပိုမိုရရှိကာ လူနေမှုဘဝ ပိုမိုတိုးတက်လာစေမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျိုက်ဒုံဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

လူငယ်ဖိုရမ်တက်ရောက်ရန် အင်ဒိုနီးရှားသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင်ပြုလုပ်မည့် Asia- Africa Youth Forum-2010 သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်ဝင်းအိခိုင်(Streamline Training- Learning Center) သည် ဩဂုတ် ၂၁ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်သက်ရီ၊ ဒေါ်နုနုရီနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၈-၂၀၁၀)ရက်နေ့
၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက် (၁၂-၉-၂၀၁၀)ရက်နေ့နှင့်
(၂၆-၉-၂၀၁၀)ရက်နေ့

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းစည်းဝေး

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဒသမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၅

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဒသမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တပ်မတော် အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သုံးသပ်ဆွေးနွေး

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က အမှာစကားပြောကြားပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးအတွက် Plan of Action (မူကြမ်း)အပေါ် သုံးသပ်ခြင်းနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးပေးကြရန် မှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ငွေသိန်းက ကော်မတီ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင်များက Plan of Action(မူကြမ်း)အပေါ် သုံးသပ်ခြင်းနှင့် ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co.,Ltd. တို့၏အကြီးစား ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း ဆိုင်ရာ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက နေပြည်တော်ရှိ Mount Pleasant Hotel ဥတ္တရသီရိခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong ပြည်နယ် Ministry of Commerce မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Cao Wen၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး သံမှူးရုံးမှ ဒုတိယအတွင်းဝန် Ms. Zhou Nan ၊ Shandong Puli Construction Engineering Co.,Ltd. မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong ပြည်နယ် Ministry of Commerce မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Cao Wen တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကန်ထရိုက်စာချုပ်ကို မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ခေတ္တဦးဆောင် ညွှန်ကြားရေးမှူး ဦးအေးသန်းနှင့် Shandong Puli Construction Engineering Co.,Ltd.မှ President, Mr. Liu Jian Ye တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းစီမံကိန်းကို ပဲခူးတိုင်းဒေသကြီးရှိ သာဂရစက်မှုနယ်မြေတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ စီမံကိန်းပြီးစီးပါက မြင်းကောင်ရေ ၂၂၀၀ရှိ ဒီဇယ်အင်ဂျင်များကို တစ်နှစ်အတွင်း စတင်ထုတ်လုပ်မည်ဖြစ်ပြီး ဆက်လက်၍ မြင်းကောင်ရေ ၇၀၀၀အထိ ဒီဇယ်အင်ဂျင်များကို တစ်ဆင့်ပြီးတစ်ဆင့် ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ ဒီဇယ်အင်ဂျင်များကို မီးရထားနှင့် ရေယာဉ်များတွင် အသုံးပြုရန် ရည်ရွယ်သည့်အပြင် Co-related Product များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်

၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၅။ အကပဒေသာ
၈:၁၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၄၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNLCup(2010)ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဥဿာ ယူနိုက်တက် F.Cနှင့် မနောမြေ F.C)
၅:၀၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၅။ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်
၅:၄၅ ၆။ တေးဂီတအစီအစဉ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၂၀) ငြိမ်းချမ်း၊ နန်းဆုရတီစိုး ဇော်ဇော်အောင်၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၂၈)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၈:၂၀ ၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **မနေ့က သည်နေ့နဲ့ မနက်ဖြန်** L-ဆိုင်းဇီ၊ သရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့ (တေးရေး-ဒီနေ့ပုဏ္ဏက)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူနယ်နိမိတ်** (အပိုင်း-၁၅)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၂)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

အာကာကျော်-စုစည်းသည်



တရုတ်လေယာဉ်ပျက်ကျမှု မှတ်တမ်းတွေ့ရှိ

တရုတ်နိုင်ငံမြောက်ပိုင်း ဟေလုံကျန်ပြည်နယ်၌ ဩဂုတ် ၂၄ရက် ညပိုင်းက ပျက်ကျခဲ့သော ခရီးသည် ၉၆ဦး လိုက်ပါသည့် လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းကို တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ အဆိုပါ ခရီးသည်တင်လေယာဉ်သည် ရာသီဥတုဆိုးရွားနေသဖြင့် ဆင်းသက်ရန် ခက်ခဲခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြောကြားသည်။ ၎င်းလေယာဉ်မောင်းသူမှာ အသက်ရှင်လျက်ရှိကြောင်း၊ သေဆုံးသူ ၄၂ဦးကို အတည်ပြုနိုင်ခဲ့ကြောင်း၊ လေယာဉ်မှာ ပျက်ကျပြီးနောက် မီးလောင်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) အမ်အင်န်အေ၊ ဆင်ဟွာ

မနီလာ၌ ပြန်ပေးဆွဲမှု သေဆုံးသူ ၁၀ဦးအထိတိုးလာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဩဂုတ် ၂၃ရက်က ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စ်ကား ပြန်ပေးဆွဲခံရပြီး ပစ်ခတ်မှုများဖြစ်ပွားခဲ့သဖြင့် သေဆုံးသူ ၁၀ဦးအထိ တိုးလာကြောင်း ဆေးရုံသတင်းရပ်ကွက်ကပြောကြားသည်။ နောက်ဆုံး သေဆုံးသွားသူမှာ အမျိုးသမီးဖြစ်ပြီး ဆန်ဂျွမ်ဒီဒီယောစ်ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်ပေးဆွဲခံရပြီး ပစ်ခတ်မှုကြောင့် ဒဏ်ရာရထားသူ အနည်းဆုံးခြောက်ဦး မနီလာမြို့ဆေးရုံ၌ ဆက်လက် ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး သေဆုံးသူ ဟောင်ကောင် ခရီးသည်များ၏ ရုပ်အလောင်းများကို ဟောင်ကောင်သို့ လေယာဉ်ဖြင့် ဩဂုတ် ၂၅ရက်တွင် ပြန်လည်သယ်ဆောင်ခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆိုမာလီဟိုတယ်အတွင်းပစ်ခတ်မှု ၃၁ဦးသေဆုံးခဲ့ရ

ဆိုမာလီယာနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး၌ ဩဂုတ် ၂၄ရက်တွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက မိုဂါဒစ်ရှူးဟိုတယ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ၃၁ ဦး သေဆုံးသွားကြောင်း ဆိုမာလီအစိုးရက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူများတွင် ပါလီမန်အဖွဲ့ဝင် ခြောက်ဦးလည်း ပါဝင်ကြောင်း သတင်း၌ဖော်ပြသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

ဗီယက်နမ်တွင် မုန်တိုင်းမွှေနှောက်

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်း ကမ်းခြေဒေသများသို့ မုန်တိုင်းဝင်ရောက် မွှေနှောက်တိုက်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး ၁၀ဦးပျောက်ဆုံးနေကြောင်း ဩဂုတ် ၂၅ရက်တွင် တာဝန်ရှိသူများက ပြောကြားသည်။ *(အင်တာနက်)*

နိုင်ဂျာရေကြီးမှု လူ ၁၀၀၀၀၀ကျော် အိုးအိမ်မဲ့နေ

နိုင်ဂျာနိုင်ငံတွင် မကြာမီကဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့် သဘာဝဘေးအန္တရာယ်ကြုံရမှု နှစ်ဆတိုးလာနိုင်ကြောင်း ဗြိတိန်အကူအညီပေးရေးအေဂျင်စီက ဩဂုတ် ၂၅ရက်တွင် သတိပေးပြောကြားလိုက်သည်။ ဆူဒန်အပါအဝင် အာဖရိက အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသအများအပြား ရေကြီးမှုသဘာဝဘေးအန္တရာယ် ကြုံတွေ့နေရပြီး လူပေါင်း ၁၀၀၀၀၀ကျော် အိုးအိမ်မဲ့ဖြစ်နေရကြောင်း သိရသည်။ ***(အပေါ်ပုံ) (အင်တာနက်)***

ကူးစက်ရောဂါဘေး ပါကစ္စတန်စိုးရိမ်နေ

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက ရေကြီးမှုဒဏ်ခံနေရသည့် နိုင်ငံအတွင်း ကူးစက်ရောဂါများကျရောက်လာမည့်ဘေးကို အစိုးရအနေဖြင့် အလွန် စိုးရိမ်နေရသည်ဟု ဩဂုတ် ၂၅ရက်က ပြောကြားသည်။ နေရာအနှံ့မှ ဆရာဝန်များကလည်း ကာလဝမ်းရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့ ကူးစက်မြန် ရောဂါများ မပျံ့နှံ့နိုင်ရေးအတွက် အပြင်းအထန်ကြိုးစားနေရကြောင်း သိရသည်။ *(အင်တာနက်)*

ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင်
ဇမ္ဗူဒီပပိဗာန်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ပုဂံအပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသုတေသန ဓမ္မသဘင် ဇမ္ဗူဒီပပိဗာန်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အဆိုပါ ဇမ္ဗူဒီပပိဗာန်တော်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမျှုးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမောင်၊ မန္တလေး တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရ ဦးမြင့်မောင်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ သာသနာရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲ များနှင့် တာဝန်ရှိသူများ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြ သည်။

အစီအစဉ်အရ တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့က ပုဂံအပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူဒီပပိဗာန်တော်၏ မင်္ဂလာမုခ်ဦးတော် ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး စိုးမောင်က ပုဂံအပြည်ပြည်ဆိုင်ရာ ထေရ ဝါဒ ဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူဒီပ ပိဗာန်တော် မော်ကွန်းကမ္ပည်းကျောက်ပြား တော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ဆက်လက်၍ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူဒီပ ပိဗာန်တော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး စိုးမောင်၊ တိုင်းမှူး၊ ဝန်ကြီး၊ တိုင်းဒေသကြီး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင် ပုဂံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သုတေသနဓမ္မသဘင် ဇမ္ဗူဒီပ ပိဗာန်တော် မော်ကွန်းကမ္ပည်း ကျောက်ပြားတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဝန်ကြီး သူရဦးမြင့်မောင်နှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူဒီပပိဗာန်တော်၏ မင်္ဂလာမုခ်ဦးတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပက်ဖျန်းပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်း ဒေသကြီးဥက္ကဋ္ဌတို့က မော်ကွန်းကမ္ပည်း ကျောက်ပြားတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဆရာတော်များထံ ဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးမောင်၊ တိုင်းမှူး၊ ဝန်ကြီး၊ တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြကာ ဇမ္ဗူဒီပပိဗာန်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အနေကဇာတင်

အလားတူပိဗာန်တော်အတွင်း ကိန်းဝပ် စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါ ဘိသေက အနေကဇာတင် မင်္ဂလာ အခမ်း အနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ဇမ္ဗူဒီပပိဗာန်တော်၌ ကျင်းပရာ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓါဘိသိက် သွန်းတော်မူ ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော် သံဃာတော် များထံမှ ပရိတ်တရားတော်များကို ဝန်ကြီး နှင့် ဧည့်ပရိသတ်များက နာယူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် တို့ထံ ဝန်ကြီးနှင့်တာဝန်ရှိသူများက လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇမ္ဗူဒီပပိဗာန်တော်

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသန ဓမ္မသဘင် ဇမ္ဗူဒီပပိဗာန်တော်အား တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သီလ၏တန်ဖိုး** တရားတော် ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း- ခင်မကန်)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၉)
၈:၃၅ 7Golden Girls Live Show (Part-4)
၉:၂၅ Activities in the City နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၉:၃၅ Science For All လေကြောင်းပို့ဆောင်ရေး၏ စာမျက်နှာသစ်များ (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
၁၀:၂၀ ပေါင်းစည်းမှုများနှင့် လှိုင်အနုရသ
၁၀:၃၅ မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၁၀:၅၅ The Champion of Dance
၁၁:၂၅ လှမ်းခဲ့ပါဆွေ မနောမြေ
၁၁:၃၅ မြန်မာ့အိုး
၁၁:၄၅ စိတ်၏စွမ်းအား Aikido အားကစား
၁၂:၀၅ ဗီတာမင်ဘီဝမ်းခာတ်ချို့တဲ့မှု ကာကွယ်ရေးအကြောင်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၂:၄၀ ပေါင်းစည်းမှုများနှင့် လှိုင်အနုရသ
၁:၀၀ **သီလ၏တန်ဖိုး** တရားတော် ဆရာတော်အရှင်ခေမိန္ဒ (စစ်ကိုင်း- ခင်မကန်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ 2010 Summer Youth Olympics
၃:၁၅ Activities in the City နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၉)
၄:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အသည်းကွဲ ဒယ်ဒီ**
၄:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Sofy Idol Scarch 2010)
၄:၅၅ မြစ်အားလုံး၏ဆုံရာ မဟာသမုဒ္ဒရာ
၅:၁၅ ဂီတသရုပ်ပြခန်း (ညွှန့်လှိုင်လှိုင် - ပန်သစ္စာအမှန် ဟစ်စရာတေးများ)
၅:၃၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ 2010 Summer Youth Olympics
၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Dumex အာဟာရနို့မှုန့်ရဲ့ ပဟေဠိပြိုင်ပွဲ)
၇:၀၀ 7Golden Girls Live Show (Part-5)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (ညွှန့်လှိုင်လှိုင် - ပန်သစ္စာအမှန် ဟစ်စရာတေးများ)
၈:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Sofy Idol Search 2010)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၉)
၁၀:၀၀ The Champion of Dance
၁၀:၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အသည်းကွဲ ဒယ်ဒီ**
၁၁:၀၀ Sports World
၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Dumex အာဟာရနို့မှုန့်ရဲ့ ပဟေဠိပြိုင်ပွဲ)
၁၁:၃၅ လူငယ် IT ပညာရှင်များနှင့် Software Engineering
၁၂:၀၀ **ကျော်သွားမှာလား… ဖော်စားမှာလား** ခန့်စည်သူ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင် (ဒါရိုက်တာ- အကယ်ဒမီ မလိခစိုးထိုက်အောင်)
၁၂:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း နောက်ဆုံးရဖောင်ပိတ်သတင်း

ကိုလံဘီယာမီးတောင် စတင်ပေါက်ကွဲ ဒေသခံများ ဘေးလွတ်ရာထွက်ပြေး

ဘိုဂိုတာ (ကိုလံဘီယာ) ဩဂုတ် ၂၅

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းရှိ ဂါလာရပ်စ်မီးတောင်ကြီး ဩဂုတ် ၂၅ ရက် ညနေပိုင်းက စတင်ပေါက်ကွဲခဲ့ရာ ဒေသခံပြည်သူများ နေအိမ်များကို စွန့်ခွာပြီး ဘေးလွတ်ရာ ထွက်ပြေးလျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ မီးတောင်ကြီးမှ ဓာတ်ငွေ့များ၊ ပြာများနှင့် မီးခိုးများမှာ ဒေသစံတော်ချိန် ညနေ ၄နာရီတွင် စတင်ပန်းထွက်လာသည်ကို တွေ့ရကြောင်း၊ ယင်းမီးတောင် အနီးတွင် နေထိုင်သည့် မိသားစုဝင် ၂၇၈ ဦး တို့ အား ဘေး ကင်း ရာ သို့ ပြောင်းရွှေ့ပေးထား ပြီဖြစ်ကြောင်း သိရ သည်။ ။

(အင်တာနက်)

➤ ကောင်းမြတ်သူ – ရေးသားသည် ➤

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ မိသားစုအသေးစားချေးငွေ လုပ်ငန်း၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဩဂုတ် ၂၈ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင် လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခဦးကျော်ဇောနိုင် က မှုပိုင်ခွင့်ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ဆေးရုံအထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကွင်းဆင်းကုသ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းပြီး အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၁ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ လှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကျော်ကျော်တို့ ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် သားဖွားနှင့် မီးယပ်လူနာ ၁၄၀၊ ကလေးလူနာ ၁၀၉ ဦး၊ ခွဲစိတ်လူနာ ၅၅ဦး၊ အထွေထွေရောဂါ လူနာ ၂၁၃ဦး တို့ကို အခမဲ့စမ်းသပ်စစ်ဆေး ကုသမှုပြုလုပ်ခဲ့သည်။ ထို့နောက် သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီးက မိခင်သေဆုံးနှုန်းကျဆင်းရေးဆိုင်ရာပညာပေးခြင်း၊ ကလေးအထူးကု ဆရာဝန်ကြီးမှ ငါးနှစ်အောက်ကလေး သေဆုံးမှုဆိုင်ရာနှင့်ပတ်သက်သော ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းနှင့် အထွေထွေရောဂါကုသမားတော်ကြီးက ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့် အခြား ကျန်းမာရေး အသိပညာပေး ဟောပြောကြသည်။ **(အောက်ပုံ)**

<u>ပါဝင်</u>

အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသီတာဆွေ၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာနိုင်ဦး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာသီတာအောင်၊ အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာ မျိုးမြင့်မော်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမ စုစုပေါင်း ၂၅ဦး ပါဝင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ဂျူဒိုပြိုင်ပွဲဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၅

တပ်မတော် စိုက်ပျိုးရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါး သုတေသနဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် မျိုးစေ့နမူနာများ၊ ပျိုးပင်များနှင့် ဓာတ်ခွဲစမ်းသပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြ၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၏ သရုပ်ပြသမှုများနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ပြိုင်ပွဲဝင်စစ်သည်များ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြည်မြို့၌ စပါးခင်းများအတွင်းငါးမျိုးစိုက်ထည့်

ရေကြည် ဩဂုတ် ၂၅

သဘာဝပတ်ဝန်းကျင် သယံဇာတကို အပြည့်အဝ အသုံးချလာတတ်စေရေး၊ ကျေးလက်နေပြည်သူများ ငါးစားသုံးမှုပိုမိုတိုးတက်စေရေး၊ သဘာဝလယ်ကွင်းများတွင် ငါးမျိုးများ ပြန်လည်တည်တံ့စေရေးနှင့် ငါးမျိုးပြုန်းတီးမှုမှကာကွယ်ရေးတို့အတွက် ရည်ရွယ်လျက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု မြို့ဝင်၊ မြို့ထွက် စံပြမိုးစပါးဧရိယာ ဧက ၂၀၀တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်း စိုက်ထည့်ခြင်းကို ဩဂုတ် ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

<u>ငါးမျိုးစိုက်ထည့်</u>

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစံလှိုင်၊ မြို့နယ်စိုက်ပျိုးမြင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ တိုင်းငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာတောင်သူကြီးများ တက်ရောက်ကြ၍ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

(ငါးလုပ်ငန်းဦးစီးဌာန)

ကတ္တရာခင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ဇူလိုင် ၂၄ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ညောင်ပိုင်းလမ်းကတ္တရာခင်းရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာစစ်တုရင်တံခွန်စိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲကို စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၁၁ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲ၊ လူငယ်အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ စစ်တုရင်အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်မည့် ပြည်နယ်နှင့် တိုင်းအသင်းများသည် ပြိုင်ပွဲကျင်းပမည့်ရက်မတိုင်မီ နှစ်ရက်ကြိုတင်ရောက်ရှိ သတင်းပို့ကြရမည်ဖြစ်သည်။

<u>မြန်မာ့ရိုးရာစစ်တုရင်</u>

ထို့အပြင် ပြည်နယ်နှင့်တိုင်းစစ်တုရင်ပြိုင်ပွဲနှင့်အတူ မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်း တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၃)တွင် Political Times အထူးအချပ်ပိုအပါအဝင် နိုဝင်ဘာ ၇ရက်သို့ဦးတည် ပါတီတွေအရှိန်မြှင့်ကြပြီ နိုင်ငံရေးသုံးသပ်မျက်နှာဖုံးဆောင်းပါး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် တွေ့ဆုံခြင်း၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် တိုင်းခုနစ်တိုင်းကို တိုင်းဒေသကြီးအဖြစ် ပြောင်းလဲ၊ ဆရာမောင်စူးစမ်းရေးသားသည့် ရက်ပေါင်း ၉၀နှင့် ကိန်းသေငါးပါး၊ ဆရာမောင်ဝံသရေးသားသည့် ပန်းတိုင်ကို ဘာကြောင့်မရောက်ခဲ့သနည်း၊ ဆရာမောင်သာနုရေးသားသည့် ပြည်သူများအတွက် တောက်ပသောမျှော်လင့်ချက်စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ အဲပုဂံ ATR -72 လေယာဉ်များတွင် မြန်မာအမျိုးသမီးလေယာဉ်မှူးများ စတင်မောင်းနှင်တော့မည်၊ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ ငါးနှစ်အတွင်း စံချိန်တင်၊ မြန်မာနှင့် ကိုရီးယားနှစ်နိုင်ငံဘဏ်များအကြား ပို့ကုန်ငွေလွှဲရာတွင် ယူရိုဖြင့်သာ စာရင်းဖွင့်နိုင်တော့မည်၊ ပြည်ပသို့ဆန်တင်ပို့မှု ဆန်စပါးလုပ်ငန်းအသင်းမှတစ်ဆင့် ဆောင်ရွက်ရန်မလိုဘဲ စီးပွားကူးသန်းသို့ တိုက်ရိုက်လျှောက်ထားနိုင်၊ နာနိုနည်းပညာသုံး တန်ဖိုးနည်း တာတာကားများ ပြည်တွင်း၌ ထုတ်လုပ်တော့မည်၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ညအိပ်ရပ်နားထားသည့် မော်တော်ယာဉ်တစ်စီး ပျောက်ဆုံးမှုဖြစ်ပွား၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးဆောင်နေသော သစ်တောနှင့် သဘာဝသယံဇာတထိန်းသိမ်းရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းနှင့် တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပြည်သူလူထုနှင့် ပါတီရွေးချယ်မှု၊ ကိုယ့်ရည်မှန်းချက်က ဘာဖြစ်တယ်ဆိုတာ မဖော်ပြတတ်ဘူး မိုးဟေကိုနှင့် တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

စီးပွားရေးအားကောင်းလာသည့်တရုတ် ဂျပန်ကိုကျော်တက်ပြီး နံပါတ် (၂) နေရာရောက်လာ၊ စင်ကာပူ နာမည်ကြီးအရုပ်ဆိုင်များမှ အရုပ်များ ကျန်းမာရေးထိခိုက်စေသော ဓာတုပစ္စည်းလွန်ကဲစွာ ပါဝင်နေကြောင်းတွေ့ရှိ၊ ပါရမီရှင် ပန်းချီဆရာ ချာတိတ်လေး ဗြိတိန်တွင် ပေါ်ထွက်လာ၊ လိုအပ်သောကျောက်မီးသွေးများကို တရုတ်ရှာဖွေခြင်းသည် အရှေ့တောင်အာရှနိုင်ငံများအတွက် စိုးရိမ်စရာဖြစ်လာ၊ ပါကစ္စတန် ရေလွှမ်းမှု နိုင်ငံစီးပွားရေးကို ခြိမ်းခြောက်နေ၊ မြောက်ကိုရီးယားအနေဖြင့် စစ်ရေးအရ ရန်စခြင်းကို အဆုံးသတ်ရန် လီမြောင်ဘတ်ပြောကြား၊ အေ့ဒ်စ်ရောဂါဝေဒနာရှင် ဂျာမနီနာမည်ကြီး အဆိုတော်တစ်ဦး အဖော်ယောကျ်ားလေးများနှင့် ချစ်ကြိုးသွယ်သဖြင့် တရားစွဲခံရ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အသီးသီးရှိ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ စည်ပင်သာယာဈေးများတွင် ခြင်ဆေးဖျန်းခြင်း၊ ရေအိုးရေအိုင်များတွင် အဘိတ်ဆေးပိုးလောက်လမ်းသေဆေးခတ်ခြင်း လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၂)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဝန်ကြီး ဦးဉာဏ်ဝင်း တီမောလက်စ်တေနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Zacarias Albano Da Costa ၏ ဖိတ်ကြားချက်အရ ဩဂုတ်၁၉ ရက် မှ ၂၃ရက်အထိ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဩဂုတ် ၂၃ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

သွားရောက်တွေ့ဆုံ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဩဂုတ် ၂၀ရက် ညနေ ၃ နာရီခွဲက တီမောလက်စ်တေနိုင်ငံ သမ္မတ Mr. Jose Ramos-Horta အား ၎င်း၏နေအိမ်သို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ တီမောလက်စ်တေ အာဆီယံအဖွဲ့သို့ ဝင်ရောက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

အလားတူ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညနေ ၄နာရီ ၁၅မိနစ်တွင် တီမောလက်စ်တေ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Fernando Lassama de Araujo အား ၎င်း၏ ရုံးခန်းသို့လည်းကောင်း၊ ညနေ ၅နာရီတွင် တီမောလက်စ်တေနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် Mr. Jose Luis Guterres အား ၎င်း၏ရုံးခန်းသို့လည်းကောင်း သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

တက်ရောက်

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယင်းနေ့ ညပိုင်းတွင် တီမောလက်စ်တေနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Zacarias Albano Da Costa က Discovery Inn Hotel ၌ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ မြန်မာနှင့် တီမောလက်စ်တေတို့ အကြား နှစ်နိုင်ငံဆွေးနွေးပွဲကို ဩဂုတ် ၂၁ရက် နံနက်ပိုင်းတွင် တီမောလက်စ်တေ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းကလည်းကောင်း၊ တီမောလက်စ်တေ ကိုယ်စားလှယ်အဖွဲ့အား တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Zacarias Albano Da Costa ကလည်းကောင်း ဦးဆောင်တက်ရောက်ခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၂ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ဒီလီမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး **H.E.Dr. Zacarias Albano Da Costa** က ကြိုဆိုနှုတ်ဆက်စဉ်။ (နိုင်ငံခြားရေး)

ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်ရေး စမ်းချောင်းမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ဗီဒီယို လုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီသည် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲမှ စ၍ ညနေ ၄ နာရီအထိ စမ်းချောင်းမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

(ဝဲပုံ)

နေ့ချင်းပြီးဆောင်ရွက်

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ ဗီဒီယိုလုပ်ငန်း လုပ်ကိုင်သူများ၊ ဖျော်ဖြေရေးလုပ်ငန်း လုပ်ကိုင်သူများ၊ လုပ်ငန်းလိုင်စင်ရရှိနိုင်ရေးအတွက် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် သက်ဆိုင်ရာ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့နှင့် ပူးပေါင်း၍နေ့ချင်းပြီးဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။ (၁၀၃)

မြဝတီရုပ်မြင်သံကြား

၂၆-၈-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၂၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာချစာသင်ဟောစဉ်ကျန မဓမ္မကထိက
၇:၃၀	၄။	ဓမ္မပူဇာတေး
၇:၃၅	၅။	မျိုးချစ်တပ်မတော်
၇:၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၇။	မြန်မာသံစဉ် ချိုနှားဝင်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၀	၃။	မျိုးချစ်တပ်မတော်
၄:၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၄၅	၅။	မွေးမြူသုတ
၄:၅၅	၆။	မြန်မာသံစဉ်ချိုနှားဝင်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၄၂)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေယာဉ်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၄၄) (ဇာတ်သိမ်းပိုင်း)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၈)
	၂၂။	ဂီတရင်ခုန်သံ

ဩဂုတ်၂၁ရက်ကမရမ်းကုန်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်း ကျောင်းခန်းမ၌ ကျင်းပသော မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့်၊ အလယ်တန်းအဆင့် စာပေဘာသာရပ်ဆု အများဆုံးရ ကျောင်းဆုရရှိအောင် ကြီးကြပ်ပေးခဲ့သော ကျောင်းအုပ်ဆရာ မကြီး ဒေါ်သိန်းတိုးအား ကျောင်းအကျိုး တော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းတင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အိမ်တွင်းမှုသင်တန်းနှင့် စက်ချုပ်သင်တန်းဆင်းပွဲ ဒေါ့ဖုန်းယန်မြို့နယ်၌ ကျင်းပ

ဒေါ့ဖုန်းယန် ဩဂုတ် ၂၅

ကချင်ပြည်နယ် ဒေါ့ဖုန်းယန် မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၄/၂၀၁၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးသန်းအောင် တက်ရောက်အားပေးပြီး သင်တန်း တွင် ထူးချွန်ဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဒေသ ကြီးကြပ်ရေးမှူး ဦးထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက် လွင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြဆရာများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

(အိမ်တွင်းမှုကျောင်း)

ကမ္ဘာ့ဖလားဘောလုံးချန်ပီယံဆုခန့်မှန်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

မြန်မာကွန်ဆိုလီဒိတ်တစ်မီဒီယာက ထုတ်ဝေသည့် မြန်မာတိုင်း(မ်) ကမ္ဘာ့ဖလား နေ့စဉ်ထုတ်စာစောင်နှင့် Nat Ray Co., Ltd. (Casabella Home Furnishing Center) တို့ ပူးပေါင်းပြုလုပ်ခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုခန့်မှန်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း အမှတ်၂၂ ကိုးမိုင်ရှိ Casabella Home Furnishing Center ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာတိုင်း(မ်) အမှုဆောင်အရာရှိချုပ် အယ်ဒီတာချုပ် Mr. Ross Dunkley က ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲချန်ပီယံဆု ခန့်မှန်းပြိုင်ပွဲ ဆုပေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် Nat Ray Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာက ဆုပေးအပ်ချီးမြှင့်ရခြင်းကို ရှင်းလင်းပြောကြားပြီး ချန်ပီယံဆုကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ဦးခင်မောင်လွင်အား OSIM အမှတ်တံဆိပ် Desire Massage Chair ကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

ကျေးဇူးတင်စကား

ယင်းနောက် ဗိုလ်လုပွဲရောက်ရှိသည့် အသင်းနှစ်သင်းကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ကိုကျော်ဇင်ဦး အား LORENZO အမှတ်တံဆိပ် Recling Leather Chair ကိုလည်းကောင်း၊ အကြိုဗိုလ်လုပွဲရောက် အသင်းလေးသင်းကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ဦးမြင့်လွင်အား Dunlopillo Materess ကို လည်းကောင်း၊ ကွာတားဖိုင်နယ်ရောက် အသင်း ရှစ်သင်းကို မှန်ကန်စွာ ခန့်မှန်းနိုင်သူများထဲမှ ကံထူးရှင် ဦးတင်အောင်အား Kettler အမှတ်တံဆိပ် ကျန်းမာရေး လေ့ကျင့်ခန်းသုံးပစ္စည်းကိုလည်းကောင်း တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ဆုရရှိသူများကိုယ်စား ဦးခင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေပြွန်တံတားတည်ဆောက်ရေးစစ်ဆေး

ကန်ပက်လက် ဩဂုတ် ၂၅

ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် သဇင်လမ်း သစ်သားရေပြွန်တံတားဆောက်လုပ်မည့်နေရာကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ (ခေတ္တ)ညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့်အဖွဲ့က စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပူးပေါင်းဆောင်ရွက်

မော်ဘီမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က သွေးလွန်တုပ်ကွေး ကာကွယ် ရေးအတွက် ရွှေမြယာကျေးရွာ အခြေခံ ပညာအထက်တန်း ကျောင်းဝင်းအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဦး ကြီးကြပ်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ကျန်းမာရေး ဌာနတို့ ပူးပေါင်းဆောင်ရွက်စဉ်။

(ကျန်းမာရေး)

သံကူကွန်ကရစ်တံတား

မော်လမြိုင်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသော ကွင်း ကျောင်းလမ်းပေါ်ရှိ သံကူကွန်ကရစ် တံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၉ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်ကိုကိုတို့ ကွင်းဆင်းကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မျက်မှောက်နှင့် အနာဂတ် အကျိုးနှစ်ရပ်ဖော်ဆောင်မည့် အထူးစီမံကိန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းလျက်ရှိရာ ပန်းတိုင်ကို လှမ်းကိုင်နိုင်ရန် လက်တစ်ကမ်းအကွာအဝေးသို့ပင် ရောက်ရှိနေပြီဖြစ်ပေသည်။ နိုင်ငံတော်သည် ယခင်က အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တိုးချဲ့ဖွင့်လှစ်၍ နယ်စပ်ဒေသ၏ လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် (Infra Structures) တိုးမြှင့်တည်ဆောက်ပေးခြင်း စသည်တို့ကို စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ရေတိုတိုးတက်မှုအဖြစ် ပြယုဂ်သက်သက်သာ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ စသည့် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတွင် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်ရုံမျှမက ရေရှည်တည်တံ့ခိုင်မြဲအောင်၊ ရေရှည်ဆောင်ရွက်နိုင်အောင် အခြေခံကောင်းများပါ တည်ဆောက်ခဲ့ပြီး ဆက်လက်တည်ဆောက်ဆဲလည်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် စနစ်တကျ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အထူးစီမံကိန်းလုပ်ငန်းကြီးများသည် အဓိကကျသော အခန်းကဏ္ဍတွင် တည်ရှိနေလေသည်။ အဆိုပါ အထူးစီမံကိန်းကြီးများသည် နိုင်ငံတော်အတွက် ရေတိုရေရှည် အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းကြီးများ ဖြစ်ပေသည်။

ယခုနှစ် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးပြီးနောက် နိုင်ငံတော်အတွက် အရေးကြီးသော အထူးစီမံကိန်းများ ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စီမံကိန်း(၄)ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ပထမစီမံကိန်းဖြစ်သော ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် **တာလီရေလွှဲဆည်**သည် တာလီချောင်းပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး အဆိုပါ ရေလွှဲဆည်ကြောင့် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာတစ်ဝိုက် လယ်မြေဧက ၃၅၀၀ နီးပါးကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ကချင်ပြည်နယ်ကို မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီအဖြစ်ဆောင်ရွက်မည့် အစီအမံအတွက်ပါ များစွာအထောက်အကူဖြစ်မည် ဖြစ်ပါသည်။

ဒုတိယစီမံကိန်းမှာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အိုင့်ကြီးကျေးရွာအနီး စာကြိုချောင်းပေါ်တွင် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားမည့် **စာကြိုရေလှောင်တမံစီမံကိန်း**ပင် ဖြစ်သည်။ "ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာလိုသည်" ဆိုသည့် ဤဒေသအဖို့ သောက်သုံးရေအပြင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက်ပါ များစွာအထောက်အကူဖြစ်မည့် စီမံကိန်းဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ ၁၀၀၀ဧက ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်ပေသည်။

တတိယစီမံကိန်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာအနီး နမ့်ကျန်ချောင်းပေါ်တွင် တည်ဆောက်မည့် **နမ့်ကျန်ရေလှောင်တမံ စီမံကိန်း**ဖြစ်သည်။ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားပင်ဖြစ်၏။ လားရှိုးမြို့နယ်အတွင်း မြေဧရိယာ ၁၇၉ဧကကို ရေပေးဝေနိုင်မည့်အပြင် လားရှိုးမြို့ပေါ်ရပ်ကွက် ငါးခုသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် ရေကန်တောင်ရှိ ရေကန်ပေါင်း ၂၀အတွင်းသို့ ရေများ ဖြည့်သွင်းပေးနိုင်မည်ဖြစ်ပေသည်။

စတုတ္ထစီမံကိန်းမှာ **ဆီမီးခုံ(၃) လျှပ်စစ်မြစ်ရေတင်စီမံကိန်း** ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးတွင် ဆောင်ရွက်မည်ဖြစ်ပြီး ရေပေါ်ရေတင် စက်ရုံနှစ်ရုံ တည်ဆောက်၍ ရေစုပ်စက်လေးလုံးဖြင့် ဧရာဝတီမြစ်ရေကို ကမ်းပါးပေါ်သို့ တွန်းတင်ကာ ထပ်ဆင့်ရေတင် အဆင့်ငါးဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ဤဒေသသည်လည်း မကွေးတိုင်းဒေသကြီးအတွင်း စာကြိုရေလှောင်တမံရေသောက်မည့် နယ်မြေဒေသကဲ့သို့ပင် ရွှေထက် ငွေထက် ရေကိုမက်ကြသည်။ ခြောက်သွေ့ပြီး ရေရှားပါးသည့် နွားထိုးကြီးမြို့နယ်အတွင်း သောက်သုံးရေ ဖြည့်ဆည်းပေးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ဖြည့်စွက်ပေးရေးတို့အတွက် ရည်မှန်းထားသည့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြစ်သည်။ ဤစီမံကိန်းဖြင့် နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်ခုမှ စိုက်ပျိုးမြေဧရိယာ ဧက ၁၅၀၀၀ဧကကို ရေပေးဝေနိုင်မည် ဖြစ်သည်ဟု ခန့်မှန်းထားလေသည်။

ဤနေရာတွင် စာရေးသူလေ့လာမိသည်များကို ထည့်သွင်းတင်ပြလိုပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၈ခုနှစ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လယ်မြေအများအပြား ပျက်စီးခဲ့ရသည့်တိုင် ဝမ်းစာပြဿနာ



ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)မှ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများအတွက် ရေပေးဝေလျက်ရှိသည့် ပန်းတောင်းမြို့နယ်မှ ခဝါရေလှောင်တမံ။

တည်ဆဲအစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲပြီးလျှင် ဒီမိုကရေစီနည်းလမ်းကျကျ ပေါ်ပေါက်လာမည့် အစိုးရကို နိုင်ငံတော်၏တာဝန်များ လွှဲပြောင်းရတော့မည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုး၊ နိုင်ငံတော်၏ အကျိုးကို မျှော်မှန်းလျက် ကဏ္ဍအသီးသီး၌ ဆောင်ရွက်လျက်ရှိသော အရှိန်အဟုန်များကို လျှော့ချခြင်းမပြုဘဲ အားနှင့်မာန်နှင့် ဆောင်ရွက်ဆဲ၊ မေတ္တာစေတနာဖြင့် အားထုတ်ဆဲပင်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ အခက်အခဲ အကျပ်အတည်းများကို ကြုံတွေ့ဖြတ်သန်းခဲ့ရသည့်တိုင် နိုင်ငံအတွက် အခြေခံကောင်းများ ချမှတ်ပေးနိုင်သကဲ့သို့ ဖြစ်ထွန်းလာခဲ့သော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကိုလည်း ပြည်သူများ စားသုံးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်လျက်ရှိရာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုးများအနေဖြင့် အခြားကမ္ဘာ့နိုင်ငံများနည်းတူ အဆင့်အတန်းမီအောင်၊ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်းနေကြရမည်ဖြစ်ပါသည်။ အသိတရား၊ ခံယူချက်များဖြင့် နိုင်ငံကို အဆင့်အတန်းရှိသောနိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်အောင် ကဏ္ဍအလိုက် ဖိဖိစီးစီး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ ဒိဋ္ဌလက်ငင်း အကျိုးသာမက နောင်လာနောက်သားများအတွက်၊ အနာဂတ်အတွက် အခြေခံကောင်းများ တည်ဆောက်ခြင်းဖြစ်သည်ဟုလည်း ဆိုချင်ပါသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေများရရှိရန် စဉ်ဆက်မပြတ် ရေပေးဝေလျက်ရှိသည့် လောကနန္ဒာမြစ်ရေတင်စီမံကိန်း။

ကျော်မျိုးနော

မရှိခဲ့။ ဖူလုံလောက်ငခဲ့သည်။ ၂၀၀၉ခု
တိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများ
အခြားဒေသများတွင်လည်း ရေမိုးသင့်
ကောင်းမှု၊ မြစ်ရေတင်နှင့် ဆည်ရေများရရှိ
ဖူလုံလောက်ငရုံမျှမက ပြည်ပနိုင်ငံများသို့
ခဲ့သည်။ သို့ရာတွင် ယနေ့ကမ္ဘာကြီး၏
ပြောင်းလဲနေသော ရာသီဥတုအခြေအနေ
သင့်လှသည်။ အပူချိန် ရေခဲမှတ်အောက်
ရှိသည့် ရုရှားနိုင်ငံတွင် တောမီးများ
သည်။ တရုတ်နိုင်ငံတွင် ရေကြီးမြေပြိုမှု
များစွာပျက်စီးပြီး လူအမြောက်အမြား
ပါကစ္စတန်နိုင်ငံတွင်လည်း ရေကြီးလျက်
ရေဘေးဒုက္ခသင့်နေသည်။ တရုတ်နိုင်ငံ
များစွာ ပျက်စီးခဲ့ရသည်။ အာရှတိုက်သာ
ဘရာဇီးနိုင်ငံတွင်လည်း ရေကြီးလျက်ရှိ
အပြား ပျက်စီးရပြန်လေသည်။ ထိုသို့ စို
ပျက်စီးရသည်နှင့်အမျှ စားနပ်ရိက္ခာကိုပါ

**စားနပ်ရိက္ခာလုံခြုံရေးကိစ္စသည် က
နိုင်ငံတွင်ပါ အလွန်အရေးကြီး၏။ ယခု
စီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ခြင်းသည်
လာနိုင်သည့် မိုးလေဝသကြောင့် ထိခိုက်
စီစဉ် ကာကွယ်ခြင်းပင်ဖြစ်လေသည်။
လိုအပ်ချက်ဖြစ်သော ရေရရှိရေးအတွက်
ထားခြင်းဖြင့် စားနပ်ရိက္ခာများ ပြည့်ပြ
နိုင်ခဲ့သည့်အပြင် ရာသီဥတု ဖောက်ပြ
နိုင်ငံသားများကို စားနပ်ရိက္ခာလုံခြုံမှု ပေ
ဤသို့ဖြင့် ပြည်တွင်း၌ ဖူလုံလောက်ငရုံမ
ကမ္ဘာ့စားနပ်ရိက္ခာ မလုံမလောက်ဖြစ်နေ
များအတွက်လည်း အထောက်အပံ့ဖြစ်**

စီမံကိန်းနှင့်ပတ်သက်၍ အနည်းင
ပေသည်။ အကြောင်းမှာ ငွေကြေးအက
ဆောက်လုပ်သော်လည်း အကျိုးပြုစိုက်ပျိ
အကျိုးပြုမှုများ နည်းလွန်းလှသည်ဟု
ကြောင့် ဖြစ်၏။ ဗြိတိသျှအစိုးရလက်ထက်
ဖောက်လုပ်တည်ဆောက်ပြီး စီးပွားရေးလုပ်
ယင်းတို့ အကျိုးအမြတ်ကိုသာ ဦးတည်ခဲ့
အကျိုးအမြတ်နည်းမည့် လုပ်ငန်းများကို
ဗြိတိသျှတို့၏ ဆောင်ရွက်မှုများသည်
ထည့်မတွက်ဘဲ ၄င်းတို့၏ အကျိုးတစ်ခု

...ှ် အထူးစီမံကိန်းများ

ကျော်မျိုးနောင်

တင်ထားကြောင်း သိသာလှသည်။ လက်ရှိ နိုင်ငံတော်အစိုးရသည်ကား ပြည်သူတို့၏ လက်ငင်းအကျိုးကျေးဇူးနှင့် ရေရှည်အကျိုးကျေးဇူးကိုကြည့်လျက် Operation Ratio နှင့် မကိုက်ညီသည့်တိုင် ပြည်သူ့အတွက် ဆောင်ရွက်မည်သာဖြစ်၏။ ဤကား နိုင်ငံတော်အစိုးရ၏ ပြည်သူနှင့် နိုင်ငံတော်အပေါ်ထားရှိသော စေတနာတရားများပင် ဖြစ်ပါသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ယခင်ဆောင်ရွက်ဆဲ စီမံကိန်းများအပြင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း သုံးခု ရှိကြောင်း သိရှိရပါသည်။ ပထမစီမံကိန်းမှာ နိုင်ငံတော်နှင့်

ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့တိုးတက်လျက်ရှိရာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးများအနေဖြင့် အခြားကမ္ဘာ့နိုင်ငံများနည်းတူ အဆင့်အတန်းမီအောင်၊ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်းနေကြရမည်။ အသိတရား၊ ခံယူချက်များဖြင့် နိုင်ငံကို အဆင့်အတန်းရှိသောနိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်အောင် ကဏ္ဍအလိုက် ဖိဖိစီးစီး ဆောင်ရွက်ကြရမည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းမှာ ဒို့ဌလက်ငင်းအကျိုးသာမက နောင်လာနောက်သားများအတွက်၊ အနာဂတ်အတွက် အခြေခံကောင်းများ တည်ဆောက်ခြင်းဖြစ်သည်။

မရှိခဲ့။ ဖူလုံလောက်ငခဲ့သည်။ ၂၀၀၉ခုနှစ်တွင်ကား ဧရာဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများ ပုံမှန်နီးပါးပြန်ဖြစ်လာမှု၊ အခြားဒေသများတွင်လည်း ရေမိုးသင့်တင့်ကာ စပါးအထွက်ကောင်းမှု၊ မြစ်ရေတင်နှင့် ဆည်ရေများရရှိမှုတို့ကြောင့် ပြည်တွင်းဖူလုံလောက်ငရုံမျှမက ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်ခဲ့သည်။ သို့ရာတွင် ယနေ့ကမ္ဘာကြီး၏ နေရာအနှံ့တွင် ဖြစ်ပျက်ပြောင်းလဲနေသော ရာသီဥတုအခြေအနေများကိုလည်း လေ့လာသင့်လှသည်။ အပူချိန် ရေခဲမှတ်အောက်များစွာ ရောက်လျက်ရှိသည့် ရုရှားနိုင်ငံတွင် တောမီးများ လောင်ကျွမ်းလျက်ရှိနေသည်။ တရုတ်နိုင်ငံတွင် ရေကြီးမြေပြိုမှုများကြောင့် စိုက်ပျိုးမြေများစွာပျက်စီးပြီး လူအမြောက်အမြား သေကျေပျက်စီးခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင်လည်း ရေကြီးလျက်ရှိပြီး လူသန်း ၂၀ကျော် ရေဘေးဒုက္ခသင့်နေသည်။ တရုတ်နိုင်ငံကဲ့သို့ပင် လယ်ယာမြေများစွာ ပျက်စီးခဲ့ရသည်။ အာရှတိုက်သာမက အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံတွင်လည်း ရေကြီးလျက်ရှိရာ စိုက်ပျိုးမြေ အများအပြား ပျက်စီးရပြန်လေသည်။ ထိုသို့ စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးရသည်နှင့်အမျှ စားနပ်ရိက္ခာကိုပါ ထိခိုက်လာမည်ဖြစ်၏။

စားနပ်ရိက္ခာလုံခြုံရေးကိစ္စသည် ကမ္ဘာမှာသာမက မြန်မာနိုင်ငံတွင်ပါ အလွန်အရေးကြီး၏။ ယခုကဲ့သို့ ရေလှောင်တမံစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ခြင်းသည် ဖောက်ပြန်ပြောင်းလဲလာနိုင်သည့် မိုးလေဝသကြောင့် ထိခိုက်နိုင်ခြေများကို ကြိုတင်စီစဉ် ကာကွယ်ခြင်းပင်ဖြစ်လေသည်။ စိုက်ပျိုးရေး၏ အဓိကလိုအပ်ချက်ဖြစ်သော ရေရရှိရေးအတွက် ယခုကဲ့သို့ ကြိုတင်စီမံထားခြင်းဖြင့် စားနပ်ရိက္ခာများ ပြည့်ပြည့်စုံစုံ ထုတ်လုပ်ပေးနိုင်ခဲ့သည့်အပြင် ရာသီဥတု ဖောက်ပြန်သည့်တိုင် နိုင်ငံသူနိုင်ငံသားများကို စားနပ်ရိက္ခာလုံခြုံမှု ပေးနိုင်မည်ဖြစ်လေသည်။ ဤသို့ဖြင့် ပြည်တွင်း၌ ဖူလုံလောက်ငရုံမက ပိုလျှံလာမည်ဖြစ်ရာ ကမ္ဘာ့စားနပ်ရိက္ခာ မလုံမလောက်ဖြစ်နေသော အခြားကမ္ဘာ့နိုင်ငံများအတွက်လည်း အထောက်အပံ့ဖြစ်လာမည်ဖြစ်ပါသည်။

စီမံကိန်းနှင့်ပတ်သက်၍ အနည်းငယ် ဖြည့်စွက်တင်ပြလိုပေသည်။ အကြောင်းမှာ ငွေကြေးအကုန်အကျ များစွာကျခံဆောက်လုပ်သော်လည်း အကျိုးပြုစိုက်ပျိုးမြေဧရိယာနှင့် အခြားအကျိုးပြုမှုများ နည်းလွန်းလှသည်ဟု ထင်မြင်စရာရှိသောကြောင့် ဖြစ်၏။ ဗြိတိသျှအစိုးရလက်ထက်က လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပြီး စီးပွားရေးလုပ်ငန်းများ ထူထောင်ခဲ့ရာ ယင်းတို့ အကျိုးအမြတ်ကိုသာ ဦးတည်ခဲ့သဖြင့် အရင်းအနှီးများပြီး အကျိုးအမြတ်နည်းမည့် လုပ်ငန်းများကို ရှောင်ရှားခဲ့လေသည်။ ဗြိတိသျှတို့၏ ဆောင်ရွက်မှုများသည် ပြည်သူ့အကျိုး လုံးဝထည့်မတွက်ဘဲ ၎င်းတို့၏ အကျိုးတစ်ခုတည်းကိုသာ ရှေ့တန်း

လူစီးမော်တော်ယာဉ်များအတွက် ရေဒီယယ်တာယာများ ထုတ်လုပ်ပေးမည့် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု စက်ရုံ (ဘီးလင်း) မြင်ကွင်းကား ဤသို့ ခံ့ခံ့ညားညား....။

အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ(မလွန်)မှ ထုတ်လုပ်သော မြင်းကောင်ရေ (၅၀) ထွန် စက် များ သည် ကား ဤသို့ အစီအရီ....။

ပုဂ္ဂလိကကဏ္ဍ စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရေးတွင် မရှိမဖြစ်လိုအပ်သည့် **Hydraulic Press တိုးချဲ့ထုတ်လုပ်ရေး စီမံကိန်း**ဖြစ်ပါသည်။ သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပူးတွဲအကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်လေသည်။ ထုတ်လုပ်ရာတွင် ဈေးကွက်၏လိုအပ်ချက်အရ တန် ၁၀၀၊ တန် ၁၅၀၊ တန် ၃၀၀၊ တန် ၅၀၀၊ တန် ၈၀၀၊ တန် ၁၀၀၀အထိ Hydraulic Press များကို တစ်နှစ်လျှင် အလုံး ၁၀၀ ထုတ်လုပ်သွားရန် လျာထားပြီးဖြစ်ပါသည်။

ဒုတိယစီမံကိန်းမှာ ၁၀တန်မှ ၁၅တန်အထိရှိသော **Medium Truck (TE 31) ထုတ်လုပ်မှုစီမံကိန်း**ဖြစ်ပါသည်။ ရန်ကုန်မြို့ရှိ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ထုတ်လုပ်မှုလိုင်းအသစ်များ ထပ်မံတပ်ဆင်၍ ထုတ်လုပ်မည်ဖြစ်သည်။ ဈေးကွက်လိုအပ်ချက်ပေါ်မူတည်၍ မော်တော်ယာဉ်မျိုးစုံကို တစ်နှစ်လျှင် စီးရေ ၃၀၀၀ခန့်အထိ ထုတ်လုပ်ရန် လျာထားပြီးဖြစ်သည်။ တန် ၂၀မှ တန် ၃၀အထိ အကြီးစားကုန်တင်မော်တော်ယာဉ်များကိုမူ မကွေးမော်တော်ယာဉ်စက်ရုံမှ ထုတ်လုပ်သွားမည်ဖြစ်သည်။ တတိယ စီမံကိန်းအနေဖြင့် ဆောင်ရွက်မည့်စီမံကိန်းမှာ **အသေးစား လူစီးမော်တော်ယာဉ်များ ထုတ်လုပ်မည့်စီမံကိန်း**ဖြစ်သည်။ ယင်းစီမံကိန်းကို မကွေးမြို့ရှိ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်သည်။ ပြည်တွင်းဈေးကွက်နှင့်ကိုက်ညီပြီး ပေါ့ပါးခိုင်ခံ့သော အဆင့်မြင့်နည်းပညာများ အသုံးပြုထားသည့် အသေးစား လေးယောက်စီးမော်တော်ယာဉ်များကို ထုတ်လုပ်မည်ဖြစ်သည်။ ဈေးနှုန်းသက်သာစေရန်ရည်မှန်းထားပြီး တစ်နှစ်လျှင် စီးရေ ၁၀၀၀ခန့် ထုတ်လုပ်ရန် လျာထားလျက်ရှိသည်။

ကျွန်တော်တို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသို့ရောက်ရှိရေးအတွက် စက်မှုနိုင်ငံသို့ ဦးတည်လျှောက်လှမ်းရန် မလွဲမသွေ လိုအပ်လျက်ရှိပါသည်။ စက်မှုနိုင်ငံအဖြစ် ထူထောင်နိုင်မှသာ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မည်ဖြစ်ရာ ယခုစီမံကိန်းများ အထူးအရေးပါလှကြောင်း သိရှိနိုင်ပေသည်။ ယခင်က ကျွန်တော်တို့လျှောက်လှမ်းခဲ့သောခရီးကို ပြန်ကြည့်ပါက စက်များဝယ်ယူ၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်းကို ဆောင်ရွက်ခဲ့လေသည်။ ဥပမာအားဖြင့် ဆန်ကြိတ်ခွဲစက်များဝယ်၍ ဆန်ကြိတ်ခြင်း၊ ချည်ထည်ထုတ်လုပ်သည့် စက်များဝယ်ယူပြီး ချည်ထည်များထုတ်လုပ်ခြင်း စသည်တို့ဖြစ်၏။ ယခုကား ထိုသို့မဟုတ်တော့ပါ။ စက်များ၊ ယာဉ်များ၊ ယန္တရားများ ထုတ်လုပ်မည့် စက်ရုံစီမံကိန်းများ ထူထောင်ခြင်းဖြစ်သည်။ မော်တော်ယာဉ်များသည်လည်း ဇိမ်ခံရန်သက်သက်ထက် လူ့အဖွဲ့အစည်းအတွက် မလွဲမသွေ လိုအပ်သော အသုံးချပစ္စည်းများပင် ဖြစ်လေသည်။ ထိုသို့ မလွဲမသွေ လိုအပ်နေသောပစ္စည်းများကို အမြဲတမ်း ဝယ်ယူသုံးစွဲနေပါက နိုင်ငံအတွက်ရော သုံးစွဲသူပြည်သူအတွက်ပါ တွက်ခြေကိုက်မည်မဟုတ်ပေ။ နောင်တွင်လည်း ဆက်လက်လိုအပ်နေဦးမည်ဖြစ်ရာ မိမိတို့ဘာသာ ထုတ်လုပ်ခြင်းသည်သာ စီးပွားရေးတွက်ခြေကိုက်ပြီး သဘာဝကျသည်ကို တွေ့ရပေမည်။ သို့ဖြစ်၍ အရေးကြီးသောအခြေခံကစ၍ ထူထောင်ထားပြီး နောင်တွင် အဆင့်မြင့်တင်ဆောင်ရွက်လျက် ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်ကာ စက်မှုနိုင်ငံအဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ လျှောက်လှမ်းရာတွင် အရေးကြီးသော အခြေခံသည် စက်မှုဖွံ့ဖြိုးရေးပင် ဖြစ်လေသည်။ *(ဆက်လက်ဖော်ပြပါမည်)*

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၂၅ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၃၁၂၇ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၂၀၃၁ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၃၁၂၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၀၃၁ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၂၅ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၀၀ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၇၃၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၁၀၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၇၃၂ ဦး

(အင်တာနက်)

အီရတ် - အာဖဂန် သတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်

၄၈ဦးသေဆုံးပြီး ၁၂၉ဦး ထိခိုက်ဒဏ်ရာရခဲ့

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဩဂုတ် ၂၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေ ၄၈ ဦးအထိ တိုးလာကြောင်း အီရတ်ထိပ်တန်းစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။ (အောက်ပုံ)

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုမှာ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပြီး အသေခံဗုံးခွဲတိုက်ခိုက်သူက ပေါက်ကွဲစေသည့် အရာများကို ကိုယ်တွင်ရစ်ပတ်လျက် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်စစ်ဆင်ရေးဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ကွာစင်အတ္တာက ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

ဗုံးခွဲတိုက်ခိုက်သူသည် ဘဂ္ဂဒက်စစ်ဆင်ရေးဌာနချုပ်သို့ တာဝန်ရှိသူများ မရောက်လာမီ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထုတ်ပြန်

ယင်းဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အသေးစိတ်စုံစမ်းပေးရန်နှင့် ပစ်မှတ်ထားတိုက်ခိုက်ရသည့်အကြောင်း ဖော်ထုတ်ပေးရန် အီရတ်ဝန်ကြီးချုပ် မာလီကီက ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းကလည်း ဘဂ္ဂဒက်၌ စစ်သားစုဆောင်းရေးဌာနချုပ်ကို အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အများအပြားသေဆုံးခဲ့ရသည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုများသည် လွန်ခဲ့သော သီတင်းပတ်များအတွင်း အသေအပျောက်အများဆုံး တိုက်ခိုက်မှုကြီးများ ဖြစ်သည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့ရှိ စစ်ဆင်ရေးဌာနချုပ်ကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အခြားပြည်သူ ၁၂၉ ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သားလေးဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဗုံးထိမှန်သေဆုံး

ခို့စ် ဩဂုတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပက်တီကာပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲမှု ထပ်ဆင့်ဖြစ်ပွားရာ အရပ်သားလေးဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ဩဂုတ် ၂၅ရက်တွင် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မူဟယ်လ်က ပြောကြားသည်။

ထိမှန်

ယင်းနေ့ နံနက်ပိုင်းက ယာယာခေးလ်ဒေသ၌ အရပ်သားများစီးနင်းလာသည့် မော်တော်ယာဉ်ကို လမ်းဘေးဗုံးထိမှန်ခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ အာဖဂန်ရဲတပ်ဖွဲ့ယာဉ် မောင်းနှင်လာစဉ် မိုင်းဗုံးထိမှန်ခဲ့ပြန်ရာ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု ပြည်နယ်သတင်းထောက်များက ဆင်ဟွာသို့ ပြောကြားသည်။

အာဖဂန်နစ္စတန်၌ အာဖဂန်အစိုးရနှင့် နေတိုးဦးဆောင်သော အဖွဲ့တို့ကို ဆန့်ကျင်ထိုးစစ်ဆင်မှုများတိုးမြှင့်လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ချပြီးကတည်းက နှစ်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများစွာဖြစ်ပေါ်ခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနီး၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘာကူဘာတွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လေးဦးသေဆုံးပြီး ၂၁ဦး ဒဏ်ရာရခဲ့

ဘာကူဘာ ဩဂုတ် ၂၅

အီရတ်နိုင်ငံ အရှေ့ပိုင်း ဘာကူဘာမြို့၌ ဩဂုတ် ၂၄ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အနည်းဆုံးလေးဦးသေဆုံးပြီး အခြား ၂၁ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ ကားဗုံးသည် ဒီယာလာပြည်နယ်အုပ်ချုပ်ရေးမှူးအား ပစ်မှတ်ထား၍ ဒေသစံတော်ချိန် ညနေ ၆နာရီ ၁၀မိနစ်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ထိုဗုံးပေါက်ကွဲမှုဖြစ်ပွားစဉ် ပြည်နယ်အုပ်ချုပ်ရေးမှူး မရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရ

သို့သော် ယင်းကားဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်၏ သေဆုံးသူများထဲတွင် အုပ်ချုပ်ရေးမှူး၏ သက်တော်စောင့် ပါဝင်ခဲ့ပြီး ပြည်နယ်အစိုးရအတွင်းရေးမှူး ဒဏ်ရာရရှိခဲ့သည်။

ဆက်လက်ဖြစ်ပွား

အီရတ်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း တရားဥပဒေ စိုးမိုးပြီး တည်ငြိမ်မှုရအောင် ကြိုးစားနေသော်လည်း အီရတ်မြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပုံမှန်ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားဗုံးခွဲ တိုက်ခိုက်

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ သူပုန်နှိမ်နင်းရေး စစ်ဆင်မှု

လက်နက်ကိုင်နှစ်ဦးသေပြီး တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကဘူးလ် ဩဂုတ် ၂၅

အာဖဂန်အမျိုးသားတပ်မတော် (အေအင်န်အေ)နှင့် နေတိုးဦးဆောင်သည့်တပ်များက အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဂန်ပြည်နယ်နှင့် အရှေ့ပိုင်း ခို့စ်ပြည်နယ်များ၌ သူပုန်နှိမ်နင်းရေး ပူးတွဲစစ်ဆင်မှုနှစ်ခု ဆင်နွှဲရာတွင် တာလီဘန်လက်နက်ကိုင် နှစ်ဦးသေဆုံးပြီး ငါးဦးကိုဖမ်းဆီးမိလိုက်ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန၏ ဩဂုတ် ၂၄ရက်ထုတ် ကြေညာချက်တွင်ဖော်ပြပါရှိသည်။

အဆိုပါ ကြေညာချက်အရ ဥရုဂန်ပြည်နယ် ခတ်ဥရုဂန်ခရိုင်တွင် နေတိုးဦးဆောင်သည့်တပ်နှင့် အာဖဂန်တပ်များက လက်နက်ကိုင်နှစ်ဦးကို ချေမှုန်းပြီး နှစ်ဦးကို ဖမ်းဆီးလိုက်သည်ဟု သိရသည်။

ဖမ်းဆီး

ခို့စ်ပြည်နယ် ဆာဘာရီခရိုင်အတွင်း အခြားစစ်ဆင်ရေးတွင် ပူးတွဲစစ်ဆင်ရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားဟု မသင်္ကာဖွယ် လက်နက်ကိုင်သုံးဦးကို ဖမ်းဆီးလိုက်သည်။

သေဆုံး

တစ်ချိန်တည်းမှာပင် ပြည်နယ်အချို့အတွင်း သူပုန်များ၏ ဗုံးခွဲ၊ ဗုံးထောင် တိုက်ခိုက်မှုများကြောင့် ဩဂုတ် ၂၃ ရက်က အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ဝန်ခံဖော်ပြထားကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် ဩဂုတ် ၁၈ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဆိုင်းဘုတ်စိုက်ထူမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ အမှတ် (၃) ခရိုင်ချင်းဆက်လမ်းနှင့် ဆက်စပ်လျက်ရှိသော ကျေးလက်လမ်းများဖြစ်သည့် နဘဲပင်လှ-ပေါက်ကန်လမ်း ၇မိုင် ၄ဖာလုံ၊ ရှားကွဲ-ရေဂမိုးလမ်း ၄မိုင် ၄ဖာလုံ၊ ဘုရားလေးကုန်းလမ်း ၂မိုင်၄ဖာလုံ၊ ချောင်းမီးတိုလမ်း ၁မိုင်နှင့် ငါးကြင်းအိုင် လမ်း ၄ဖာလုံ စုစုပေါင်း ကျေးလက်လမ်း အရှည် ၁၆မိုင်ကို နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ငတိုင်တောင်ကျေးရွာအနီး ခရိုင်ချင်းဆက် အမှတ်(၃)လမ်းပေါ်၌ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၀၀၊ အကျယ် ၁၄ပေ၊ အမြင့် ၁၅ပေရှိ သစ်သားတံတားသစ်ကိုလည်းကောင်း၊ **(အပေါ်ယာပုံ)** ဩဂုတ် ၁၉ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့သို့ရောက်ရှိပြီး အနီးစခန်း-ဖောင်းတော် ကျေးလက်လမ်း၏ လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်နေသော Box Culvert လုပ်ငန်းကိုလည်းကောင်း၊ ဩဂုတ် ၂၀ရက် မွန်းလွဲပိုင်းတွင် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအတွက် ဆောင်ရွက်ပြီးစီးသော ညောင်ပင်ရပ်ကွက်အနီးရှိ ရေစက်ရုံနှင့် ရေစုကန်တို့ကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ် စီးပွားရေးတက္ကသိုလ်အနီးရှိ ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ ရိုးကန်-ကန်သာကျေးရွာများသို့သွားသည့် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရရက်သတ္တပတ်များနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ သန်လျင်မြို့၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် အာဟာရရက်သတ္တပတ်များနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကို ဩဂုတ် ၂၂ရက် နံနက်၉နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံကြီးမှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးမို့မို့က မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဆိုင်ရာများကို ပညာပေးဟောပြောသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအဆင့် အာဟာရ ရက်သတ္တပတ်ပြိုင်ပွဲတွင် ပထမဆုရ သုံးခွမြို့နယ်မှ ဒေါ်သီတာ၊ ဒုတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဒေါ်ခင်မိုး၊ တတိယဆုရ ဒလမြို့နယ်မှ ဒေါ်ပြုံးသီတာလှိုင်တို့အား ရန်ကုန်တိုင်းဒေသကြီး ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာမာထွန်းကလည်းကောင်း၊ ခရိုင်အဆင့် စံပြမိခင်ပြိုင်ပွဲတွင် ပထမဆုရ သန်လျင်မြို့နယ်မှ ဒေါ်နှင်းရီ၊ ဒုတိယဆုရ ကော့မှူးမြို့နယ်မှ ဒေါ်စန်းစန်းအေး၊ တတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဒေါ်စန်းစန်းမြင့်တို့အား ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များအား အနီးပိတ်၊ အိုင်အိုဒင်းဆား၊ သံဓာတ်ဆေးပြားများ ပေးအပ်ပြီး **(အောက်ပုံ)** ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးကြသည်။

(၁၈၄)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**



ဆက်လက်၍ အသင်း၏ နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များက ၂၀၁၀ခုနှစ်အတွင်း အသင်းက ကြီးမှူးပြုလုပ်ခဲ့သည့် ပန်းလှိုင်အိမ်ရာစီမံကိန်းနှင့် ဒေသန္တရလေ့လာရေးခရီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်လေ့လာရေးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) လေ့လာရေးခရီးစဉ်တို့တွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အသင်းသို့ အလှူငွေ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြိမ်(၂၆၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် ဩဂုတ် ၂၅

အကြိမ်(၂၆၀)မြောက် ငွေကျပ် ၂၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း၂၀၀ ငါးဆု၊ ငွေကျပ်သိန်း၁၀၀ ၁၃ဆု၊ ငွေကျပ်၁၀သိန်း ၂၈၆ဆု၊ ငွေကျပ်ငါးသိန်း သုံးဆု၊ ငွေကျပ်သုံးသိန်း ၁၄၄ဆု၊ ငွေကျပ်နှစ်သိန်းဆု ၁၂၆၀၊ ငွေကျပ်တစ်သိန်း ၁၂၃၅၄ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆုဖြစ်သည်။

(သတင်းစဉ်)

ပထမဒိုင်းဆု

ဩဂုတ် ၂၂ရက်က အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဆုချီးမြှင့်စဉ်။

(မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကျောက်ကုန်း အမှတ် ၂၀/ကနေ ဦးရဲထွန်း-ဒေါ်ခင်သန်းငွေ၊ ဦးတင်လှ(အမေ့သားစံအိမ်ဝပ်ရှော့လုပ်ငန်း) မိသားစုက သား မောင်ဝေယံဟိန်း မွေးနေ့အလှူအဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို အလှူရှင်ကိုယ်စား ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် လက်ခံယူစဉ်။ (၁၀၅)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း စတုတ္ထအကြိမ် ညီလာခံကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း စတုတ္ထအကြိမ်ညီလာခံကို ဩဂုတ် ၂၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

ညီလာခံတက်ရောက်နိုင်ရေးအတွက် အသင်းဝင်များထံ ဖိတ်စာများပေးပို့ထားကြောင်းနှင့် ဖိတ်စာအချိန်မီ မရောက်ရှိပါကလည်း မပျက်မကွက် တက်ရောက်နိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

အိုင်အိုဒင်းစစ်ဆေး

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ဆားရောင်းချသောဆိုင်များ၌ အိုင်အိုဒင်းဆား ပါဝင်မှု ရှိ မရှိကို ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေး၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းအောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

❐ *ကျော့ဖုံးမှ*

အထင်ကရလမ်းမကြီး

ယခုအခါ ရခိုင်ပြည်နယ်မှ ရေထွက်ပစ္စည်းများနှင့် အခြားဒေသထွက်ကုန်ပစ္စည်းများ၊ ရန်ကုန်-ပြည်-မန္တလေးနှင့် မြန်မာနိုင်ငံ အရပ်ရပ်မှ လူသုံးကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် လယ်ယာသုံးပစ္စည်းများသည် နဝဒေးတံတားကြီးပေါ်မှ အေးချမ်းသက်သာစွာ သွားလာကူးလူး စီးဆင်းနေကြသည်မှာ ကျေနပ်စရာပင်ဖြစ်သည်။ ပြည်မြို့ နဝဒေးတံတားကြီးမှတစ်ဆင့် ဆက်သွယ်နေသည့် ပြည်-တောင်ကုတ် မော်တော်ကားလမ်းမှာလည်း မဟာဗျူဟာကျသည့် အဓိက အထင်ကရလမ်းမကြီးပင် ဖြစ်သည်။

ခေတ္တရပ်ဆိုင်း

ယခင်က အဆိုပါ ၉၉မိုင်ရှည်သည့် ပြည်-တောင်ကုတ် လမ်းမကြီးမှာ မိုးတွင်းကာလတွင် တောင်ကျရေ ပြင်းထန်စွာ စီးဆင်းမှုကြောင့် တောင်ပြိုကျကာ မော်တော်ကားလမ်း ပိတ်ဆို့ခဲ့ပြီး ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုများ ခေတ္တရပ်ဆိုင်းမှု ဖြစ်ပွားခဲ့ရသည်။

၂၀၁၀ ခုနှစ် မိုးရာသီတွင် ပြည်-တောင်ကုတ် မော်တော်ကားလမ်းကြီး ရာသီမရွေး သွားလာနိုင်ရန် ပြုပြင်ထားကြောင်း သတင်းကောင်းကြားရသဖြင့် သတင်းခရီးသည် မကြာမီက သွားရောက်လေ့လာခဲ့သည်။

လိုက်ပို့ပြသ

မိုးသဲသဲမဲမဲရွာနေသည့်ကြားမှပင် နေလသစ္စာဆောက်လုပ်ရေးအဖွဲ့မှ ပြည်လုပ်ငန်းတာဝန်ခံ ဦးကျော်လင်းငြိမ်း၊ ရုံးအုပ်ကြီး ဦးတင်အောင်တို့က မော်တော်ကားဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အစပ် ပင်လယ်ရေမျက်နှာပြင်အထက် ၃၇၄၃ ပေ မြင့်သည့် မိုးထိတောင်သို့ လိုက်ပို့ပြသကြသည်။

မြင်တွေ့

နဝဒေးတံတားလွန်သည်နှင့် ပန်းတောင်းမြို့နယ်သို့ ရောက်ရှိကြသည်။ ပန်းတောင်းမြို့နယ်၏ မိုးစပါး စိုက်ပျိုးထားမှုမှာ အားရစရာကောင်းအောင် ကားလမ်းဘေးဝဲယာတွင် စိမ်းလန်းနေပေရာ မြသားကမ္ဗလာကြီး ခင်းထားဘိအလား စပါးခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့နေရသည်။

ထို့နောက် ပန်းတောင်းမြို့မှ ဥသျှစ်ပင်မြို့သို့ ခရီးဆက်ခဲ့ကြရာ ဥသျှစ်ပင်မြို့လယ် ကတ္တရာလမ်းမကြီးမှာလည်း ယခုအခါ အဖုအထစ်မရှိ ချောမောသေသပ်နေသည်ကို တွေ့ရှိရသည်။ နေလသစ္စာ ဆောက်လုပ်ရေးအဖွဲ့ မန်နေဂျင်းဒါရိုက်တာ ဦးကျော်တောင်က ဥသျှစ်ပင်လမ်းကို ဦးစားပေးပြုပြင်ခဲ့ကြောင်း ပြောပြသည်။

ပြုပြင်

ယခုအခါ ပြည်-တောင်ကုတ် လမ်းမကြီးကို နေလသစ္စာဆောက်လုပ်ရေးအဖွဲ့က B.O.T စနစ်ဖြင့် ပြုပြင်လျက်ရှိသည်။

သွားလာနိုင်

အဆိုပါလမ်းကို အသုံးပြုကာ ခရီးသည်တင်ကားများ၊ ကုန်တင်ကားများ၊ ကိုယ်ပိုင်ကားများသည် မန်းရွှေစက်တော်၊ မင်းဘူး၊ စကု၊ တောင်ကုတ်၊ သံတွဲ၊ ငပလီ၊ ကျိန္တလီ၊ ကျောက်ဖြူ၊ အမ်း၊ စစ်တွေမြို့များနှင့် အခြားမြို့များသို့ သက်သောင့်သက်သာ သွားလာနိုင်ပြီဖြစ်သည်။

> “တောင်ကြားလမ်း အစအဆုံး မိုင် ၁၀၀ခန့်မှာ အကွေ့တစ်ထောင်လောက်ရှိပြီး ငါးပေအောက် ရေမြောင်း ၁၀ခုလောက်သာရှိတဲ့ ထူးခြားတဲ့ လမ်းမကြီးပါ။”
>
> ဦးတင်အောင်
> တောင်ကုတ်-ဒေသခံ

ရှင်းပြ

နေလသစ္စာ ဆောက်လုပ်ရေးအဖွဲ့ပိုင်ရှင် တောင်ကုတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်တောင်က မူလက တောင်ကုတ် - ပြည်လမ်းမကြီးမှာ တောင်ကုတ် တောင်ကြားလမ်းဖြစ်ကြောင်း၊ အရှည်မိုင်မှာ ၉၉မိုင်ဖြစ်သော်လည်း တောင်ကုတ်မြို့ ကမ်းနား(သင်္ဘောဆိပ်)နှင့် မြို့ပေါ် ဆက်သွယ်သည့်လမ်းမှာ သုံးမိုင်ရှည်လျားပြီး ကျောက်ကြမ်းလမ်းဖြစ်သဖြင့် မူလအကျယ် ရှစ်ပေမှ ၁၅ပေအကျယ် အဆင့်မြှင့်ကတ္တရာခင်းရန်အတွက် တောင်ကုတ် တောင်ကြားလမ်းမကြီးကို ၁၀၂မိုင်ဟု



တောင်ကုတ်ဆိပ်ကမ်းသွား ကျောက်ကြမ်းလမ်းကို နေလသစ္စာဆောက်လုပ်ရေးအဖွဲ့က ကတ္တရာခင်းဆောင်ရွက်ပြီးနောက် ဤသို့ တွေ့ရသည်။

သတ်မှတ်ခဲ့ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြုပြင်ဆောင်ရွက်

နေလသစ္စာ ဆောက်လုပ်ရေးအဖွဲ့သည် ၂၀၁၀ခုနှစ် ဧပြီလ ၁ရက်နေ့မှစ၍ တောင်ကုတ် တောင်ကြားလမ်းကိုလည်းကောင်း၊ မေလ ၁ရက်နေ့မှစ၍ တောင်ကုတ် - သံတွဲ- ငပလီ - လုံးသာ - မဇင်(လေဆိပ်) လမ်းကိုလည်းကောင်း ဖောက်လုပ်ပြုပြင်ဆောင်ရွက်နေပြီဖြစ်သည်။

ကိုယ်တိုင်လေ့လာ

ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်အထိမ်းအမှတ် ကျောက်တိုင်များရှိနေသည့် နယ်စပ် မိုးထိစခန်းကို ပဲခူးရိုးမ တောင်တန်းအသွယ်သွယ်ကို ဖြတ်ကာ ရောက်ရှိခဲ့သည်။ နောက်ထပ် မော်တော်ကား သုံးနာရီမျှမောင်းလျှင် တောင်ကုတ်မြို့သို့ ရောက်နိုင်ကြောင်း ယာဉ်မောင်းကပြောသဖြင့် မိုးသဲသဲမဲမဲ ရွာနေသည့်ကြားမှပင် တောင်ကုတ် တောင်ကြားလမ်းတွင် ရာသီမရွေး မော်တော်ကားကြီးငယ် သွားလာနိုင်ခြင်း ရှိ မရှိ ကိုယ်တိုင်လေ့လာရန် ခရီးဆက်ခဲ့ပါသည်။

ယာဉ်ပေါ်တွင် ပါလာသည့် ဒေသခံ ဦးတင်အောင်က “ကျွန်တော်တို့ တောင်ကုတ်တောင်ကြားလမ်းကို တောလိုက်မုဆိုးများက လမ်းအူကြောင်းရှာ ဖောက်လုပ်ခဲ့တယ်လို့ လူကြီးများက အဆင့်ဆင့် ပြောကြားခဲ့ပါတယ်။ ဖြစ်နိုင်ခြေအများကြီး ရှိပါတယ်။ တောင်ကြားလမ်းအစအဆုံး မိုင် ၁၀၀ခန့်မှာ အကွေ့တစ်ထောင်လောက်ရှိပြီး ငါးပေအောက် ရေမြောင်း ၁၀ခုလောက်သာရှိတဲ့ ထူးခြားသောလမ်းမကြီးပါ။ ပဲခူးရိုးမနဲ့ ရခိုင်ရိုးမ ဆက်စပ်နေပြီး တောင်ပေါ်ကားလမ်းမှာ ချောင်းကူးတံတားမရှိတာ ထူးဆန်းပါတယ်။ တောလိုက်မုဆိုးသွား လမ်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် နယ်စပ်ကျောက်စာတိုင်ကို မိုးထိတောင်ပေါ်တွင် ဤသို့ တွေ့မြင်ရသည်။

ခရီးသည်တို့ မော်တော်ကားသည် မိုက္ကရို၊ မြယာ၊ ရေပေါ်ကြီး၊ စလူ စသည့် တောင်ကုတ်မြို့နယ်မှ ကျေးရွာများကို ဖြတ်သန်းခဲ့ပြီးနောက် ပတ်လည်တောင်ဟု နာမည်ကြီးသည့် နေရာသို့ ရောက်ရှိပါသည်။ ယခင်က မိုးတွင်း၌ တောင်ပြိုကျသဖြင့် တောင်ကုတ်တောင်ကြားလမ်း ပိတ်ရသည်မှာ ပတ်လည်တောင်ကြောင့်ဟု သိရပါသည်။ ယခု မော်တော်ယာဉ်နှင့် လူများ အေးချမ်းစွာ သွားလာနေကြပေပြီ။

တောင်ကုတ်တောင်ကြားလမ်းမကြီးပေါ်တွင် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ ရာသီမရွေး သွားလာနေကြသည်မှာ ကိုယ်တွေ့ပင်ဖြစ်ပါသည်။

တာဝန်ခံ ဦးညီညီက “နေလသစ္စာကုမ္ပဏီက တောင်ကုတ်တောင်ကြားလမ်းမကြီးကို တောင်ကုတ်အပိုင်း၊ ပြည်အပိုင်း နှစ်ပိုင်းခွဲပြီး မိုးရာသီမှာလည်း လုပ်ငန်းရပ်မထားဘဲ ဆက်လက်ပြုပြင်နေပါတယ်” ဟု ရှင်းပြသည်။

စည်ကား

တောင်ကြားလမ်း လမ်းဘေးဝဲယာ ကျေးရွာတိုင်းတွင် မော်တော်ယာဉ်များ ရပ်နားစားသောက်ရန် ဈေးဆိုင်များ၊ လတ်ဆတ်သည့် ဒေသဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ ကျေးလက်ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနနှင့် မူလတန်းကျောင်းများဖြင့် ပြည့်ပြည့်စုံစုံ ရှိနေပေရာ တောင်ပေါ်ဒေသများ ဖြစ်သော်လည်း စည်ကားလျက်ရှိနေသည်။

အထင်းသားပေါ်လွင်

ယခင်က တောင်ကုတ်တောင်ကြားလမ်းမကြီးတွင် တောင်ပြိုကျသဖြင့် လမ်းပိတ်ရသည့် ဖြစ်စဉ်မှန်များသည် ယခုတော့ မတွေ့ရတော့ပါ။ ယခုအခါ သာမန် မော်တော်ကားများသာမက ယခုနှစ်မှ စတင်ပြေးဆွဲနေသည့် လေအိတ်မော်တော်ကားကြီးများပါ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး နေလသစ္စာ ဆောက်လုပ်ရေးအဖွဲ့က B.O.T စနစ်ဖြင့် ဖောက်လုပ်ပြုပြင်နေသည့် မြင်ကွင်းကို အနာဂတ်ကာလတွင် တိုင်းရင်းသား ညီအစ်ကိုများ ပိုမိုချစ်ကြိုးသွယ်နိုင်ကြမည့် မဟာဗျူဟာ လမ်းမကြီးအသွင်ပေါ်ထွန်းလာမည့် မြင်ကွင်းနှင့်အတူ သတင်းခရီးသည်စိတ်အစဉ်တွင် အထင်းသား ပေါ်လွင်နေပါတော့သည်။ ။

(မြန်မာ့အလင်း)

တောင်ကုတ်တောင်ကြားလမ်းမကြီးကို စက်ယန္တရားအင်အား လူ့အင်အားဖြင့် ကျောက်ခင်းပြုပြင်နေကြစဉ်။

ပြည်မြို့ နဝဒေးတံတားကြီးမှတစ်ဆင့် ဆက်သွယ်နေသည့် ပြည် - တောင်ကုတ် မော်တော်ကားလမ်းမှာ မဟာဗျူဟာကျသည့် အဓိက အထင်ကရလမ်းမကြီးပင်ဖြစ်။

Maritime Training Centre (Hlaing)

မှ

အောက်ဖော်ပြပါသင်တန်းများ ဖွင့်လှစ်ပါမည်။

(1) Marlins English For Seafarers
(2) Preventive Maintenance & Port State Control (PMS Included)
(3) Business English

သင်တန်းများစမည့်ရက် - ၂၀၁၀ခုစက်တင်ဘာ(၁)ရက်

စုံစမ်းရန်နှင့် သင်တန်းအပ်ရန် -

Maritime Training Centre(Hlaing)
Marlins Approved Test Centre,
Room No.8, Bldg (1), Myanmar
Info-Tech, Mict Park,
Hlaing Universities Campus, Yangon, Myanmar.
Tel-951-703232

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)လမ်း (ကန်ပတ်လမ်းမှ ကိုက် ၁၀၀)၊ ဝဒသမ၂၈က RC ၂½ (တိုက်သစ်)။

ဖုန်း-၀၁-၅၁၆၉၄၉၊
၀၉-၅၅၀၆၅၄၈၊
၀၉-၅၀-၄၃၃၆၇။

အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၉) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၃ရက်က အိမ်တွင်းမှုသင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ မြဝတီခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းအုပ်က သင်တန်းဆိုင်ရာများကို တင်ပြသည်။ ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌက ထူးချွန်ဆုရရှိသော ကျုံဒိုးမြို့မှ မအေမီထွန်းအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းအုပ်က သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူကိုယ်စားလှယ်တစ်ဦးအား ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်း မင်ဒူလီ (Mindulle)သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်ပါသည်။

ဩဂုတ် ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ငမိုးရိပ်ရေသန့်စင်စက်ရုံ ဒုတိယအဆင့်စီမံကိန်းလုပ်ငန်းများ မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်းသည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စက်ရုံက ရန်ကုန်မြို့နေ ပြည်သူများအား သောက်သုံးရေ နေ့စဉ် ရေဂါလန် ၄၅သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဒုတိယအဆင့်စီမံကိန်းလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးသည့် ပထမအဆင့်စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် မင်္ဂလာဒုံမြို့နယ် ပုလဲလမ်းဆုံအနီး အမှတ်(၃)လမ်းသို့ သွားရောက်ပြီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း ဒုတိယအဆင့် လုပ်ငန်းဖြစ်သည့် အချင်း ၄၈လက်မနှင့် အရှည် ပေ ၄၀ရှိ ကြိုတင်အားဖြည့် Fibreglass Reinforced Pipe (F.R.P) မြေအောက်ပိုက်လိုင်းများ ဆက်သွယ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံ ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၅၄ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၃) အခြေခံပညာဦးစီးဌာနမှကြီးမှူးကျင်းပသော မြို့နယ်အဆင့် ထက်/လယ်/မူကျောင်းများ ဘောလုံးပြိုင်ပွဲတွင် အထက(၇) မင်္ဂလာတောင်ညွန့်မှ ပထမဆုရ (၁၃)နှစ်အောက်အသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်က ဆုချီးမြှင့်ပြီးနောက် တွေ့ရစဉ်။ (ပညာရေး)

အားကစားဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ရုပ်ပျိုဖလား ခြင်းလုံးခတ်ပြိုင်ပွဲများအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို စက်တင်ဘာ ၄ရက်မှ ၆ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်ကြီးအောင်အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၀ရက် မွန်းတည့် ၁၂နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရုပ်ပျိုအစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်က ပြိုင်ပွဲများအတွက် ကြိုတင်ဆောင်ရွက်ချက်များနှင့် ပြိုင်ပွဲများ၏ စည်းမျဉ်း၊ စည်းကမ်းများကိုလည်းကောင်း၊ ရုပ်ပျိုမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်က ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ရွှေဘိုခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲများအတွက် ပြိုင်ပွဲရုံ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်တွင်းမှုသင်တန်းကျောင်း သင်တန်းဆင်းပွဲများ တီးတိန်၌ကျင်းပ

တီးတိန် ဩဂုတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၀ / ၂၀၁၀)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၄/၂၀၁၀)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၈/၂၀၁၀)နှင့် အိမ်တွင်းမှုလက်မှုလုပ်ငန်းကြိမ်သင်တန်းအမှတ်စဉ်(၉/၂၀၁၀)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက်က ကျင်းပသည်။

ဆုချီးမြှင့်

အဆိုပါသင်တန်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင့်လှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုရရှိသူ မခွေခန့်လွန်းနှင့် အဆင့်မြင့် စက်ချုပ်ထူးချွန်ဆုရရှိသူ မငင့်စန်းလွမ်းကိမ်တို့အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူက အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို အိမ်တွင်းမှုသင်တန်းကျောင်းအုပ်က ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ထူးချွန်ကျောင်းသား ကျောင်းသူများအားဂုဏ်ပြု

ကန်ကြီးထောင့် ဩဂုတ် ၂၄

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၀ရက် နံနက်၁၀နာရီက ဧရာသီရိသုခ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းချစ်တို့က အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၅၄ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာများကို မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များ၊ ဌာနဆိုင်ရာများက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ) (၁၄၉)

မြို့နယ်
သတင်း
ထွေတလာ

မြင်းမူမြို့နယ်စာကြည့်တိုက်ဖောင်ဒေးရှင်း စာအုပ်စုပေါင်းလှူဒါန်းပွဲကျင်းပ

မြင်းမူ ဩဂုတ် ၂၁

မြင်းမူမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ စာကြည့်တိုက်ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေး စာအုပ်စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၆ရက် နံနက်ပိုင်းက မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက ရှင်သန်ခိုင်မာသော စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ရရှိပြီး စာအုပ်စာစောင်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကျေးလက်နေပြည်သူများ အမှန်တကယ် စာပေဖတ်ရှုလေ့လာနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြင်းမူမြို့နယ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီမှ တတိယအကြိမ်စာအုပ် စုပေါင်းလှူဒါန်းပွဲတွင် စေတနာရှင် ပြည်သူ ၁၁ဦးနှင့် မြို့နယ်ဌာနဆိုင်ရာများက ငွေကျပ် ၃၆၁၆၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၄၆၉အုပ်ကို ကျေးရွာ စာကြည့်တိုက် ၂၂တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက် သုံးတိုက်သို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ) (၀၃၅)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်၁၅ရက်က ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ ကျောက်မဲခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဦးဆန်းယုက ပရိုဂျက်တာဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရန်နှင့်ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းဟောပြောစဉ်။ (၀၂၀)



ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊ ကံဘဲ့၊ မြေကွက်အမှတ် ၁၃၊ မြေကွက်တည်နေရာအမှတ် ၉၊ မာလာမြိုင်လမ်း၊ ဘောက်ထော် ရန်ကင်း မောင်အောင်သိန်းနှင့် မစိန်မြ အမည်ပေါက် နှစ် ၃၀ဂရန် (ဂရန်သက်ကုန်) မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၃၂၀/၂၀၀၈၊ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်-၉၀၀/၁၉-၃-၂၀၁၀၊ အရောင်းအဝယ် စာချုပ်မှတ်ပုံတင်အမှတ်-၂၆၄၈/၃-၈-၂၀၁၀ တို့နှင့်အတူ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ ဒေါ်သန်းသန်း ၁၂/ဗဟန(နိုင်)၀၁၁၈၆၈ က ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ရန်ကုန်မြို့ ပစ္စည်းများ ဝယ်ယူရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအတွက် ကျွန်းပါကေး (၉×၃×၁)လက်မ တုံး ၅၀၀၀၀ကျော်နှင့် (၁၆×၁၆)လက်မ ကြွေပြား အချပ်၂၀၀၀ကျော်ဝယ်ယူလိုပါသည်။ ရောင်းချလိုသူများသည် တင်ဒါပုံစံတစ်စုံလျှင် ကျပ်၅၀၀၀နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန၌ ဝယ်ယူ၍ ၂၇-၈-၂၀၁၀ရက် (သောကြာနေ့) နံနက် ၁၁း၀၀နာရီနောက်ဆုံးထားပြီး ဈေးပြိုင်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်းဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

မြေကွက်ရောင်းမည်

သုဝဏ္ဏ(၂၃)ရပ်ကွက်၊ သဃ်ာန်းကျွန်း။ စတုရန်းပေ ၃၆၀၀/ ပတ်ဝန်းကျင် ကောင်း/သန့်

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၆၁၃၃၊ ၀၉-၈၅၂၂၂၆၆၊ ၀၉-၈၆၂၆၄၆၄။

ကျေးဇူးဆပ်ပါမည်

စိုးကြိုင်(CDC-66125) ၏ 4-Ticket အမှတ် BST 33555/08 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

ဖုန်း-၇၃၀၇၀၆၄၉။

ကြေးပိဋကတ်တော်လှူဒါန်းကြစို့

အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် ကြေးပိဋကတ်တော်အလှူရှင်များ-

ဒေါ်စံသာနုနှင့်သားသမီး၊ မြေးတစ်စု၊ ကျောက်ကုန်း၊ ရန်ကင်း။	၂ချပ်	ကျပ်	၅၂၀၀၀
ဦးအောင်သန်း(ဦးအိန္ဒာဝံသ)၊ ဒေါ်ကြည် သားသမီး၊ မြေး၊ ပန်းဆိုးတန်း။	၅ချပ်	ကျပ်	၁၃၀၀၀၀
မောင်စိုးလင်းနောင်မွေးနေ့အလှူ မင်းတန်းလမ်း၊ဒလမြို့နယ်။	၁ချပ်	ကျပ်	၂၆၀၀၀
ဒေါ်စန်းရီနှင့်သားသမီး၊မြေး၊ဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်။	၁ချပ်	ကျပ်	၂၆၀၀၀
မသိမ့်သန္တာအောင်မွေးနေ့ သီရိဂုဏ်အိမ်ရာ၊ဝေဇယန္တာလမ်း၊ သဃ်ာန်းကျွန်း။	၂ချပ်	ကျပ်	၅၂၀၀၀
ဦးမောင်မောင်ကြည်-ဒေါ်ကြည်ကြည်မိသားစု (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်။	၂ချပ်	ကျပ်	၅၂၀၀၀
ဦးရွှေမင်း-ဒေါ်မေမေဝင်း အောင်မင်္ဂလာလမ်း၊တာမွေ။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးကျော်ဇံလှ-ဒေါ်ကျော့လှ အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးစိုးကြိုင်-ဒေါ်ဝါဝါခိုင်မိသားစု အောင်မင်္ဂလာလမ်း၊ တာမွေ။	၁ချပ်	ကျပ်	၂၆၀၀၀
ဦးစိုးပိုင်-ဒေါ်မြမာဇံမိသားစု အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်။	၅ချပ်	ကျပ်	၁၃၀၀၀၀
ဒေါ်ခင်မူ သားသမီး၊မြေးမိသားစု ကျောက်မြောင်း၊ တာမွေ။	၁၀ချပ်	ကျပ်	၂၆၀၀၀၀
ဦးစိန်စန်း-ဒေါ်လှရင်မိသားစု ကျွန်းတောလမ်း၊စမ်းချောင်း။	၁ချပ်	ကျပ်	၂၆၀၀၀

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ ရွှေကောင်းဟော့ပေါ့ရှေ့၊ ရေခဲဆိုင်မှတ်တိုင်အနီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၈၈၀၅၊ ၀၉-၅၁၉၅၂၀၆။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၃၈၊ ၁၁၈ လမ်းနေ ဒေါ်သန်းသန်းအေး၏သမီး မယဉ်ယဉ်မိုး ၁၂/မဂတ(နိုင်)၀၀၁၉၁၈သည် မိဘမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ငွေနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်သန်းသန်းအေး ၁၂/မဂတ(နိုင်)၀၆၆၀၀၂။

ဝန်ချတောင်းပန်ခြင်း

အမှတ်(၁၇)A၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် တိုက်(A) အခန်း(၅၀၁) နဝဒေးအိမ်ရာနေ ဦးကျော်မင်းအောင် ၁၂/အလန(နိုင်)၀၀၀၁၃၂သည် Winning Security Group Co., Ltd မှ လုံခြုံရေးဝန်ထမ်းဦးကျော်မင်းနိုင်အား တာဝန်ထမ်းဆောင်နေစဉ် နှောင့်ယှက်ခဲ့သည့်အတွက် Winning Security Group Co., Ltd. အား အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။ **ဦးကျော်မင်းအောင် ၁၂/အလန(နိုင်)၀၀၀၁၃၂။**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား တန့်ယန်းမြို့၌ ကျင်းပ

တန့်ယန်း ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက်က အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က ဖတ်ကြားသည်။

ဆုများပေးအပ်

ယင်းနောက် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအကြောင်းဟောပြောကြကာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပိုက်များစုဆောင်း

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအသစ်တိုးချဲ့ရန် ပိုက်များ စုဆောင်းထားရှိမှုကို ဩဂုတ် ၃ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမင်းသန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဩဂုတ် ၄ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ချောင်းဆုံမြို့ ညောင်လန်းကျေးရွာ၌ ကျန်းမာရေးဆိုင်ရာပညာပေးဟောပြော

ချောင်းဆုံ ဩဂုတ် ၂၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ညောင်လန်းကျေးရွာ၌ ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ရက်က ညောင်လန်းကျေးရွာ(အမက)၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး ဒေါက်တာအေးအေးခိုင်က ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးမှူး ဦးဇေယျာထွန်းက သွေးလွန်တုပ်ကွေးရောဂါ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က မူးယစ်ဆေးဝါးနှင့် လူမှောင်ခို လူကုန်ကူးရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောကြသည်။

(အပေါ်ပုံ)

ဆက်လက်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဆေးပြားဖြင့် ခြင်ထောင်ဆေးစိမ်နည်းများ လက်တွေ့သရုပ်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြင်ကာကွယ်ရေးဆေးပြားနှင့် အသုံးပြုရန် လက်အိတ်၊ ဆောင်ရွက်နည်း လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ပန်းစိုက်ခုံ ပြုလုပ်

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကော့ကရိတ်မြို့ သာယာလှပရေးအတွက် ပန်းစိုက်ခုံ ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၅ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၉၀)အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ပြည်ထောင်စုဒီမိုကရေစီပါတီ Union Democratic Party က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၂၇)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရာသီမရွေး သွားလာနိုင်မည့် ပြည်–တောင်ကုတ် တောင်ကြားလမ်းမကြီး

➢ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် စဥ့်ကူစိုးဝင်း

➢ **စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)**

တောင်ကုတ် တောင်ကြားလမ်းမပေါ်တွင် ကုန်တင်ကားကြီးများ မိုးရေထဲ၌ ကုန်အပြည့်ဖြင့် ရာသီမရွေး အန္တရာယ်ကင်းစွာ ဤသို့ သွားလာနေကြသည်။

တောင်ကုတ် ဩဂုတ် ၂၅

ယခင်ကာလများက ဇရာဝတီမြစ်အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းတို့မှာ သဘာဝအတားအဆီးကြောင့် နီးလျက်နှင့်ဝေးသလို ဖြစ်ခဲ့ရဖူးပေသည်။ နိုင်ငံတော်အစိုးရက ဧရာဝတီမြစ်ကူးတံတားကြီးများကို တည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ခဲ့ပြီဖြစ်သည်။ တစ်နည်းအားဖြင့် အမြင်နီး၍ ခရီးဝေးခဲ့ရခြင်းကို ဧရာဝတီတံတားကြီးများက ပေါင်းကူးဆက်သွယ် အကျိုးဆောင်ပေးခဲ့ကြပြီဖြစ်သည်။ ဒေသခံများသည် အဆိုပါတံတားကြီးများကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည့် အကျိုးကျေးဇူးများကို ခံစားနေကြရပြီဖြစ်သည်။

ကျန်ရစ်ခဲ့

ယင်းမြစ်ကူးတံတားကြီးများတွင် ၁၉၉၇ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့က ဖွင့်လှစ်ခဲ့သော နဝဒေးတံတားကြီးလည်း အပါအဝင်ပင်ဖြစ်သည်။ ယခင်က ပြည်မြို့မှ တစ်ဖက်ကမ်းသို့ ဇက်ရေယာဉ်ဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းဖြင့် ကူးခဲ့ရသော အတိတ်ဖြစ်စဉ်များသည် နောက်ကာလကြာမြင့်သောအခါ ပုံပြင်အဖြစ် ကျန်ရစ်ခဲ့တော့မည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

26-8 (20).pmd 1 8/26/2010, 1:25 AM